# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 30 August 2021 ၁၀၄၈၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊

ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များ မပါ)အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရခိုင်ပြည်နယ် ဂွချောင်းတံတားတည်ဆောက်မှု ၈၇ ရာခိုင်နှုန်းပြီးစီး


**သံတွဲ ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်တွင် ဂွချောင်းတံတားတည်ဆောက်ပြီးစီးမှု ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**ဆောင်ရွက်နေ**

အဆိုပါ ဂွချောင်းတံတားတည်ဆောက်ရေးစီမံကိန်းမှာ ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွ-ကျောက်ချွန်လမ်းပေါ်၌တည်ရှိသည်။ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့မှ မြောက်ဘက်ပိုင်း ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်အထိ ဆောင်ရွက်နေသော ငရုတ်ကောင်း - ဆင်မ - ငွေဆောင် - ချောင်းသာ- ရွှေသောင်ယံ- မကျီးဇင်- ကျောက်ချွန်-ဂွ ကမ်းခြေပတ်လမ်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၈) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူရက ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

ဂွချောင်းတံတားတည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။

## ကြေးမုံ ယနေ့ဖတ်စရာ


ကိုဗစ်-၁၉ ကို အတူတကွ တွန်းလှန်ကာကွယ်ကြသူများ

စာမျက်နှာ » ၆

ကမ္ဘာ့ကပ်ရောဂါကို ရပ်တန့်နိုင်တာက ကာကွယ်ဆေး မဟုတ်ပါဘူး၊ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ပါတယ်၊ ကာကွယ်ဆေးတွေ ရှိနေပေမယ့် များများထိုးမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်

စာမျက်နှာ » ၁၀

စင်ကာပူနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်

စာမျက်နှာ » ၁၃




အခန်းဆက် ဝတ္ထုရှည်

စာမျက်နှာ » ၂၅

ကြေးမုံ

# ဝိုင်းဝန်းတိုက်ဖျက်ရမည့် အကြမ်းဖက်မှုများ

အကြမ်းဖက်မှုသည် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကောင်းကျိုးများကို ထိခိုက်ပျက်စီးစေသောလုပ်ရပ်များ ဖြစ်သည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များသည် မည်သည့်လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းကမျှ မလိုလား လက်မခံသောအမှုကိစ္စဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတို့သည် မည်သည့်အကြမ်းဖက်မှုကိုမျှလက်မခံ ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချလျက်ရှိပြီး အကြမ်းဖက်မှုပပျောက်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ကြိုးပမ်းဆောင်ရွက်နေကြသည်။

ဝါဒအရလည်းကောင်း၊ စိတ်ဆန္ဒအရလည်းကောင်း အကြမ်းဖက်မှုနှင့် ပတ်သက်သည်တို့ကို အားပေးထောက်ခံလျှင်ပင် အကြမ်းဖက်မှုကို သွယ်ဝိုက်သောနည်းဖြင့် ကျူးလွန်ရာရောက်၍ အကြမ်းဖက်သမားများနှင့် မပတ်သက်ရန် လိုအပ်ပေသည်။ ပြည်သူများနှင့် နိုင်ငံအစိုးရများက လက်မခံသောအကြမ်းဖက်မှုများ ချုပ်ငြိမ်းရန်အတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်လည်း လိုအပ်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံရေးအစွန်းရောက်များ၏ လှုံ့ဆော်အားပေးဆောင်ရွက်မှုကြောင့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်လျက်ရှိရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အကြမ်းဖက်သမားများအား ဖော်ထုတ်နိုင်ရေးအတွက် နည်းလမ်းများ၊ အခွင့်အလမ်းများအား အသိပေးထုတ်ပြန်ထားသည်။

အကြမ်းဖက်မှုများအား တိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးသောအချက်ဖြစ်၍ ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့်စပ်လျဉ်း၍ မသင်္ကာစရာများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘွတ်တို့မှ လုပ်ကြံဖန်တီးထားသော သတင်းအမှားများ ထုတ်လွှင့်နေသူများ၊ သိရှိထားသည့်သတင်းများအား နီးစပ်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ အချိန်မီသတင်းပေးပို့ကြရန်လိုအပ်သည်။ နိုင်ငံရေးအမှောင်ဖုံးမှုများနှင့် အကြောက်တရားကြီးမားမှုများ ဖန်တီးထားသောကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမားသတင်းပေးရေး၌ ဝန်မလေးစေရန်အတွက် သက်ဆိုင်ရာတို့က သတင်းပေးသူ၏ လုံခြုံရေးနှင့် စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် တာဝန်ယူအာမခံပေးထားသည်။ ထို့အပြင် သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရမှုအပေါ်မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား လျို့ဝှက်ချီးမြှင့်ငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဟု သိရသည်။

အကြမ်းဖက်မှုသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်သည်။ အကြမ်းဖက်မှုသည် မိမိကိုယ်တိုင်အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန်တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများ၊ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုလုပ်နိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ဝှက်ထားခြင်း၊ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ပေးရန်တို့နှင့် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း စသည်တို့ တစ်ခုခုပြုလုပ်မိလျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းသည်ကို သတိပြုရမည်ဖြစ်သည်။

အကြမ်းဖက်အုပ်စုဖြစ်သည့် CRPH နှင့် NUG တို့က ဖွဲ့စည်းထားသော၊ ပတ်သက်သော PDF အဖွဲ့များသည် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန်၊ ပြည်သူလူထုကြောက်ရွံ့မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိရာ တာဝန်သိပြည်သူများနှင့် လုံခြုံရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် နေ့စဉ်နှင့်အမျှ ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် အကြမ်းဖက်သမားများ ချုပ်ငြိမ်းမှသာ ပြည်သူများအေးချမ်းသာယာစွာ နေထိုင်နိုင်မည်ဖြစ်ရာ အကြမ်းဖက်သမားဖော်ထုတ်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် အကြမ်းဖက်သမား၊ အကြမ်းဖက်လုပ်ငန်းများတွင် တစ်စုံတစ်ရာ အနည်းငယ်မျှ မပါဝင်မိစေရန်လိုအပ်ပြီး ပါဝင်ပတ်သက်မိ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်လုပ်ရပ်ဟူသည် မည်သည့်အခါ၊ မည်သည့်နည်းနှင့်မျှ အောင်မြင်ရိုးထုံးစံမရှိဘဲ အကြမ်းဖက်သမားများသာ နောက်ဆုံးတွင် ကျဆုံးပျက်စီးခြင်းသို့ ရောက်ရသည်ကို မြန်မာ့မှတ်တမ်း၊ ကမ္ဘာ့မှတ်တမ်းများတွင် မြင်တွေ့နိုင်သည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိတို့၏လူမှုဘဝ လုံခြုံစိတ်ချမှုအပြည့်အဝရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်များ မရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးတင်ယုအား ကာတာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအသင်းကို Voting စနစ်ဖြင့် မဲပေးနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ရုရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် International Army Games 2021 တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ယဉ်ကျေးမှုအဖွဲ့မှ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ People’s Choice Award ဆုအတွက် Online မှတစ်ဆင့် Voting စနစ်ဖြင့် မဲပေး၍ မြန်မာနိုင်ငံအသင်းကို အားပေးရွေးချယ်နိုင်ရေး https://golosovanie-ac.mil.ru သို့ ဩဂုတ် ၃၁ ရက်(အင်္ဂါနေ့) နံနက် ၃ နာရီခွဲအထိ ဝင်ရောက်၍မဲပေးခြင်း ဆောင်ရွက်နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဝါဆိုသံဃာတော်များ၊ သီလရှင်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေး ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းတို့ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။



ထိုသို့ ဆက်ကပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်၊ မိုးမဲမြို့နယ်နှင့် မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းတို့ကို လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့်အဖွဲ့မှ ဆက်ကပ်လှူဒါန်းပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် စာသင်တိုက်များအတွက် ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီ ၁၁၄ ပိဿာ၊ ပဲ ၂၆၆ ပိဿာနှင့် အခြားလှူဖွယ်ပစ္စည်းတို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝက်ထီးကန်မြို့နယ် မြောက်နဝင်းဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့်




**ပြည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ဒေသတွင်း ရေလုပ်သားများ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သဘာဝမြစ်ချောင်းအင်းအိုင် ဆည်တမံ ကန်တို့တွင် ငါးမျိုးများစိုက်ထည့်လျက်ရှိရာ အုတ်ဖိုငါးလုပ်ငန်းစခန်းမှ ဝက်ထီးကန်မြို့နယ် မြောက်နဝင်းဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း ၆၀၀၀၀နှင့် ငါးခုံးမကြီး ၆၀၀၀၀ စုစုပေါင်း ကောင်ရေ ၁၂၀၀၀၀ ကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |

## ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်း

စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များပေါ်များရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ ပေါ်များရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နည်းပညာရှင်များ၊ ဆောက်လုပ်ရေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများလည်း ပေါ်များရန်လိုအပ်ကြောင်း၊ ဒေသအလိုက်ပညာတတ်များ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များပေါ်ကြွယ်ဝခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းပညာတတ်များ ပေါ်များအောင် ဆောင်ရွက်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာတို့၏ သမိုင်းယဉ်ကျေးမှုအနုပညာပုံရိပ်များကို ဖော်ပြနေသည့် ရုပ်ရှင်ဖလင်များကို စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဩဂုတ် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလင်ပိဋကတ်တိုက်နှင့် ရုပ်ရှင်စတူဒီယိုတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ဖလင်ပိဋကတ်တိုက်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**စနစ်တကျထိန်းသိမ်းထားရှိ**

ရှေးဦးစွာ ဖလင်ပိဋကတ်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မော်ကွန်းမှတ်တမ်းဖလင်များသည် မြန်မာ့ရုပ်ရှင်အတွက် အသက်ဝိညာဉ်ဖြစ်သည် သာမက မြန်မာလူမျိုးတို့၏ သမိုင်းယဉ်ကျေးမှုအနုပညာပုံရိပ်များလည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီကာလကပင် ဘာသာ၊ စာပေ၊ သဘင်၊ ဂီတ ထွန်းကားခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရုပ်ရှင်ဖလင်များသည် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ယဉ်ကျေးမှုပုံရိပ်များကို ထုတ်ဖော်ပြသနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်း။

ရုပ်ရှင်ပိဋကတ်တိုက်ရှိ ရှေးဟောင်းရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် စနစ်တကျ ထိန်းသိမ်းထားနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသော ဖလင်ထိန်းသိမ်းသည့် နည်းပညာရပ်များကို လေ့လာဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်သည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည်ဖြစ်၍ အချို့သောရုပ်ရှင်ဇာတ်ကားကြီးများကို ယူနက်စကိုအဖွဲ့က ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဇာတ်ကားအဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် မြန်မာလူမျိုးတိုင်း ဂုဏ်ယူဝမ်းမြောက်စရာပင်ဖြစ်ကြောင်း။

**ဆွေးနွေးမှာကြား**

နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ဖလင်များ ထိန်းသိမ်းသည့်လုပ်ငန်းကို တစ်ဖက်က ဆောင်ရွက်ရမှာဖြစ်သလို အခြားတစ်ဖက်မှလည်း ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြသခြင်းလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရုပ်ရှင်အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး ထိတွေ့ဆွေးနွေးကာ ၎င်းတို့၏လိုအပ်ချက်များကိုလုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုရုပ်ရှင်ပိဋကတ်တိုက်တွင် ရုပ်ရှင်ဇာတ်ကားများနှင့် မှတ်တမ်းသတင်းကားများ စုစုပေါင်း ဇာတ်ကား ၃၀၀၀ ကျော်ရှိသော်လည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျထိန်းသိမ်းထားသည့် အရေအတွက်မှာ လွန်စွာနည်းပါးနေသေးသည့်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ စတူဒီယိုများနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာများကို ကြည့်ရှုစစ်ဆေးသည်။

**ဆောင်ရွက်လျက်ရှိ**

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်ဖလင်ပိဋကတ်တိုက်ကို ၁၉၈၁ ခုနှစ် ဇွန် ၂၂ ရက်တွင် စတင်ဖွင့်လှစ်၍ သတင်းမှတ်တမ်းများနှင့် အကယ်ဒမီရရှိခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၃၀၀၀ ကျော်၏ ဖလင်များကို စနစ်တကျထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက် မြဂနိုင်၊ ပျို့ချစ်လင်၊ ဂျပန့်ရင်သွေး၊ ငဘ၊ ဘယ်သူပြိုင်လို့ လှပါတော့နိုင် ရုပ်ရှင်ဇာတ်ကားများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲထိန်းသိမ်းထားရှိသည်။ မြဂနိုင်ဇာတ်ကားကို ယူနက်စကိုအဖွဲ့၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာအမွေအနှစ်အဖြစ် ၂၀၁၈ ခုနှစ်တွင် သတ်မှတ်ထားကြောင်းနှင့် ယခုအခါ အမျိုးသားဖလင် မော်ကွန်းတိုက်ကြီးတစ်ခု တည်ဆောက်၍ ရုပ်ရှင်ဖလင်များ စနစ်တကျထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အချို့အား တွေ့ဆုံ၍ လက်ရှိကြုံတွေ့နေရသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**ကူညီဆောင်ရွက်ပေးမည်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများက ရုပ်ရှင်လောကသားများအား ကိုဗစ်ကာကွယ်ဆေးထိုးရန်ကိစ္စများ၊ တွေ့ကြုံနေရသည့် စားဝတ်နေရေးအခက်အခဲများနှင့် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အနုပညာလောက ပြန်လည်ရှင်သန်ရေးကိစ္စများ၊ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းနှင့် အနုပညာရှင်များ၏ စားဝတ်နေရေးပြေလည်စေရေးကိစ္စများအား ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားပြီးဖြစ်သဖြင့် မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**

**❂ ရွှေ့ဖုံးမှ**

ဂွချောင်းတံတားပေအရှည်မှာ ၁၃၉၈ ပေ ၉ လက်မရှိပြီး တံတား အုတ်မြစ်မှာ ဘိုးပိုင်အမျိုးအစားဖြစ်ကာ တံတား၏ အပေါ်ထည်မှာ P.C Girder၊ R.C Girder တို့ဖြင့် တည်ဆောက်ထားသော သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း၊ တံတားခန်းဖွင့်အနေဖြင့် ၂၆ ပေ ၃ လက်မ သုံးခန်း၊ ပေ ၆၀ နှစ်ခန်း၊ ပေ ၁၀၀ ၁၂ ခန်း တို့ဖြင့် ဖွဲ့စည်းထားပြီး ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆ လက်မစီပါဝင်၍ ရေလမ်းကင်းလွတ်အမြင့် ပေ ၂၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၈၅ ပေရှိကာ တံတားခံနိုင်ဝန် ခွင့်ပြုယာဉ်အလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

ဂွချောင်းတံတားတည်ဆောက်ပြီးစီးပါက ဂွမြို့တစ်ဖက်ကမ်း၌ရှိသော ကမ်းခြေရွာများအပါအဝင် ရေဝတီတိုင်းဒေသကြီးအတွင်း ကမ်းခြေပတ်လမ်းတစ်လျှောက်ရှိ ကျေးရွာများသို့ ဂွချောင်းတံတားမှတစ်ဆင့် အလွယ်တကူ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်၍ ရေဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဩဂုတ် ၂၉

လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၂၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်များက ယမန်နေ့ နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

**ခုတ်ထွင်ရှင်းလင်း**

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ စီတာပူရပ်ကွက်အတွင်း ဆိမ့်ဆာလမ်းပေါ်ရှိ ကုန်တင်ကုန်ချကွင်းအနီးမှ ဗလမင်းထင်တံတား လမ်းဆုံထိနှင့် တက္ကသိုလ်အနောက်ဘက် ခြံစည်းရိုးတစ်လျှောက်တို့တွင် လမ်းဘေး ဝဲ/ယာ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များကောက်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နန်ကျင်ကျေးရွာရှိ သီရိဓမ္မတောရကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ဆန်အိတ် ၂၀၊ စားသုံးဆီပိသာ ၃၀၊ ကုလားပဲတစ်အိတ်၊ ကြက်ဥအလုံး ၆၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ကျန်းမာရေးစစ်ဆေးမှုများ ပုံမှန်ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**





## ရိုးမရိပ်သာ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာအတွက် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးယမန်နေ့ညနေပိုင်းက ရိုးမရိပ်သာ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာအတွက် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများရောက်ရှိလာမှုနှင့် အောက်ဆီဂျင်လိုအပ်မည့် လူနာများအတွက် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရိုးမရိပ်သာ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာသို့ လှူဒါန်းရန် မြန်မာအားမာန်စီးပွားရေးလုပ်ငန်းရှင်များအသင်းနာယက ဦးတင်မောင်နှင့် ဇနီးဒေါ်စီစီမိုး(Xie Family Co.Ltd) က ပြည်ပမှ မှာယူတင်သွင်းခဲ့သည့် တစ်ရက်လျှင် လီတာ ၄၀ ဆလင်ဒါအိုး ၂၀၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ရောက်ရှိလာမှုနှင့် အောက်ဆီဂျင်စက် တည်ဆောက်မည့်မြေနေရာတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များ ဖြည့်ဆည်းပေး**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ကိုဗစ်-၁၉ လူနာများထားရှိရန် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ အောက်ဆီဂျင်လိုအပ်မည့် လူနာများအတွက် အောက်ဆီဂျင်ပိုက်လိုင်းသွယ်တန်းတပ်ဆင်ထားရှိမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်နှင့် စင်တာတာဝန်ခံတို့က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တာမွေမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်း စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ကုန်စိမ်းများ၊ မီးဖိုချောင်သုံးကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ကို ရွေ့လျားဈေးကား (Mobile Market)စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တာမွေမြို့နယ် သမိန်ဗရမ်းလမ်းမကြီး တာမွေကြီး (က)နှင့်(ဂ) ရပ်ကွက် ၁၅၇ လမ်းမှ ၁၆၁ လမ်းအထိ ရပ်ကွက်များအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇) ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းမကြီးတစ်လျှောက် ရေစုကန် ရေမြောင်းအတွင်း ရေစီးရေလာ စီမံခန့်ခွဲမှုဌာနမှ (၂၁) တန် Amphibious Excavator ယန္တရားယာဉ်ဖြင့် မှော်၊ ဒိုက်၊ နုန်းများ၊ ပိန်းပင်များနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ် လမ်းမကြီးဘေး၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် အနော်ရထာစက်မှုဇုန်ရှေ့ မြေဧရိယာ ၁၂ ဒသမ ၂၅၈ ဧကတွင် အင်ဂျင်နီယာဌာန(အဆောက်အအုံ)က စီမံဆောင်ရွက်နေသည့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်းဆောင်ရွက်မည့်နေရာကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ပန်းလှိုင်တံတား ချဉ်းကပ်လမ်း၌ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တာဝန်ယူဆောင်ရွက်နေသည့် ပန်းလှိုင်တံတားချဉ်းကပ်လမ်း ပန်းလှိုင်တံတားနှင့် BOC လမ်းဆုံကြား အရှည် ၃၁၆၈ ပေရှိ လမ်း ဝဲ/ယာအား Excavator ဖြင့် လမ်းတိုးချဲ့ခြင်း၊ AG Mixer ယာဉ်ဖြင့် ကွန်ကရစ်လောင်းခြင်းကိုလည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်ရှိ FMI City (ပဒေသာပင်မြို့တော်)၌ ရေကူးကန်၊ ပဒေသာပင်မြို့တော်ဈေးများနှင့် ရွှေဟောင်းဆုတောင်းပြည့်ဘုရားသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် ဆန်များထောက်ပံ့

**ကုန်းကြမ်း ဩဂုတ် ၂၉**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ကုန်းကြမ်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့်ဆန်များကို ယမန်နေ့က သွားရောက် ထောက်ပံ့ပေးအပ်သည်။

ကုန်းကြမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံများအတွက် ဆန်အိတ် ၈၅၀ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးမိုးဇော်လတ်နှင့် ကုန်းကြမ်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်တို့က ပေးအပ်ခဲ့ကြသည်။ **မာမာ(ပြန်/ဆက်)**

## မိတ္ထီလာမြို့ တပ်မတော်ဆေးရုံ၌ အောက်ဆီဂျင်ထုတ်စက်ရုံ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တည်ဆောက်ပြီးစီးသွားသည့် တန် ၂၀ ကျ အောက်ဆီဂျင်အရည်စက်ရုံ ဖွင့်ပွဲကိုယနေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူး၊ အလှူရှင် Royal Hic Company မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အရည်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေါက်တာထွန်းထွန်းအောင်က စက်ရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ဆေးရုံတပ်မှူးထံသို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက အောက်ဆီဂျင်ထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အောင်ဇေယျာ အမှတ်(၂)ရပ်ကွက်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ဦးခရိုင်အတွင်းရှိ သတင်းထောက်များအား Press Helmet နှင့် သတင်းမီဒီယာဥပဒေစာအုပ်များ ပေးအပ်

**ညောင်ဦး ဩဂုတ် ၂၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ညောင်ဦးခရိုင်အတွင်းရှိ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပုဂံ၊ ငါ့သရောက်မြို့တို့ရှိ သတင်းထောက်များအတွက် Press Helmet များ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်တွင် ကျင်းပသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ထောက်ပံ့သော Press Helmet များကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်ပြည့်စုံက ပေးအပ်ခဲ့ပြီး သတင်းမီဒီယာသမားများ လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရကာ Press Helmet ဦးထုပ်များနှင့် သတင်းမီဒီယာဥပဒေစာအုပ်များ အခမဲ့ပေးအပ်ခဲ့သည်။ **ကိုထိန် (KPD)**

## ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၉**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၂၈ လုံးကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

■

## ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း အသက် ၆၅ နှစ်အထက် သက်ကြီးအဘိုးအဘွားများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သံဃာတော်များနှင့် သီလရှင်များ ကိုဗစ်-၁၉ ကာကွယ်ဆေးကို သန်လျင်မြို့ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးတွင် ဩဂုတ် ၃ ရက်မှ ၂၈ ရက်အထိ လူဦးရေစုစုပေါင်း ၁၀၂၉၀ တို့အား ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

သန်လျင်မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်ကာ သန်လျင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာမြကြေးမုံနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး လာရောက်ထိုးနှံသူများအား စာရင်းရေးသွင်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများအား စနစ်တကျ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

---

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အထက(၁) ဇလွန်တွင် ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်၍ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဝေယံ (ဇလွန် ပြန်/ဆက်)**




---

**ရေး**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ဆေးထိုးစုရပ်သုံးနေရာ၌ ထိုးနှံပေးလျက်ရှိသည်။

ရေးမြို့နယ်၌ ဆေးထိုးစုရပ်များဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ တစ်ပုလ္လင်နှစ်ဆူဘုရားဓမ္မာရုံနှင့် အထက (အဏ္ဏဝါ) ကျောင်းတို့တွင် ဆရာတော်၊ သံဃာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံဝန်ထမ်းများ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များအား ဒုတိယအကြိမ်ကာကွယ်ဆေးကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်သည်။ **မြို့နယ် (ပြန်/ဆက်)**

**ပုဗ္ဗသီရိ**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ စတင်ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံနေမှုကို ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းလင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

---

**ကျေးသီး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခန့်က ကျေးသီးမြို့နယ်ခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ကျေးသီးမြို့နယ်တွင် ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိတစ်ကြိမ် ကာကွယ်ဆေးထိုးနှံပေးပြီး ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**တောင်သာ**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား ဒုတိယအကြိမ်အဖြစ် ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ တောင်သာ(အထက) နဝရတ်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်သူရနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ကိုဗစ်-၁၉ ကို အတူတကွ တွန်းလှန်ကာကွယ်ကြသူများ

တင်မေဆက်

**တစ်ကမ္ဘာလုံး ခံစားကြုံတွေ့နေရတဲ့ ကိုဗစ်–၁၉ ကို မိမိတို့နိုင်ငံသားတွေလည်း ပြီးခဲ့တဲ့ကာလမှာ အလူးအလဲ ခံစားခဲ့ကြရပါတယ်။ ကိုဗစ် – ၁၉ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း စတဲ့ လှိုင်းအဆင့်ဆင့်အနက် အခုကြုံနေရတဲ့ တတိယလှိုင်းအတွင်း ပြီးခဲ့တဲ့ ဇူလိုင်လက ကူးစက်မှုအမြင့်ဆုံးကြုံခဲ့ရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။**



ကူးစက်မှုနှုန်း မြင့်တက်လာတဲ့အလျောက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လူစုလူဝေးမဖြစ်အောင်နဲ့ ကူးစက်မှုနှုန်းကျဆင်းအောင် လုပ်ဆောင်ချက်တွေ၊ ပြည်သူတွေက ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်တွေကို လိုက်နာမှု အားကောင်းချက်တွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ရပ်ကွက်ကျေးရွာမှသည် မြို့နယ်၊ ခရိုင်အဆင့်ဆင့်သော အုပ်ချုပ်သူတွေ၊ ရပ်မိရပ်ဖတွေအားလုံး စုပေါင်းချိတ်ဆက်ဆောင်ရွက်မှုတွေကြောင့် ယခုလမှာ တတိယလှိုင်းရဲ့ အမြင့်ဆုံးကူးစက်မှုကို အတတ်နိုင်ဆုံး ထိန်းချုပ်လာနိုင်တာကို မြင်တွေ့ရပါတယ်။

**ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်လာခဲ့**

တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကိုဗစ်–၁၉ ကပ်ရောဂါကို ပြင်းပြင်းထန်ထန် ရင်ဆိုင်တွေ့ကြုံနေရချိန်မှာ ရောဂါအခံရှိသူတွေ၊ အသက်အရွယ်ကြီးသူတွေနဲ့ ကိုယ်ခံအားနည်းသူတွေဟာ ကိုဗစ်ကြောင့် သေဆုံးရတာတွေကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ခဲ့ရပါတယ်။ သို့သော် အဆိုးထဲက အကောင်းလို့ဆိုရမယ့် လက်ရှိအခြေအနေမှာတော့ ရောဂါကူးစက်မှုနှုန်းက အဆိုးရွားဆုံးအခြေအနေကနေ လွတ်ကင်းလာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တတိယလှိုင်း ပြင်းထန်လာတဲ့ အနေအထားမှာ ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းအပြင် ပြည်သူတွေရဲ့ ပူးပေါင်းမှုရလဒ်အဖြစ် အခုလို ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်လာခဲ့တာလို့ ဆိုချင်ပါတယ်။

> **ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကလည်း အထူးအရေးကြီးတဲ့ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်ဖြစ်တာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထိုးနှံပေးနိုင်ဖို့အတွက် ဇူလိုင်လကတည်းက ပညာပေးအစီအစဉ်တွေနဲ့ ပြည်သူလူထုနားလည်သဘောပေါက်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့သက်သေအဖြစ် ကာကွယ်ဆေးထိုးလိုသူ ပြည်သူတွေ များပြားလာခဲ့ပြီး အရေးကြီးအုပ်စုတွေ သတ်မှတ်ထိုးနှံပေးခဲ့တာတွေကလည်း ကိုဗစ်ကြောင့် စိတ်နှလုံးထိခိုက်မှုတွေကို ထပ်မံမကြုံရအောင် ဆောင်ရွက်ပေးနိုင်ခဲ့တာတွေပဲဖြစ်ပါတယ်**

နိုင်ငံတော်အနေနဲ့ လက်ရှိကာလ ဩဂုတ်လကုန်မှာ ရောဂါကူးစက်မှုနှုန်းကို ရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျလာနိုင်ဖို့ ကြိုးစားနေတယ်လို့ သိရှိရပါတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဇူလိုင်လ ၉ ရက်က လူဦးရေတစ်သောင်းခွဲကျော် စစ်ဆေးကြည့်တဲ့အခါ ပိုးတွေ့လူနာလေးထောင်ကျော်ရှိခဲ့ပြီး ဇူလိုင် ၁၄ ရက်မှာ သံသယရှိသူလူနာနှစ်သောင်းကျော်မှာ ပိုးတွေ့လူနာ ခုနစ်ထောင်ကျော်အထိ မြင့်တက်ခဲ့ပေမယ့် ဩဂုတ်လ ၂၂ ရက်နေ့မှာ သံသယလူနာ ကိုးထောင်နီးပါးကို စစ်ဆေးခဲ့ရာမှာ ပိုးတွေ့လူနာနှစ်ထောင်ဝန်းကျင်ပဲရှိပါတယ်။ သံသယရှိသူလူနာဦးရေ ကျဆင်းလာခဲ့သလို ပိုးတွေ့လူနာဦးရေလည်း ကျဆင်းလာတာကြောင့် ရာခိုင်နှုန်းအားဖြင့်ကြည့်ရင် မူလက ရောဂါကူးစက်မှု ရာခိုင်နှုန်း ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်ရာကနေ လက်ရှိမှာ ၂၄ ရာခိုင်နှုန်းကို ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။

**အောက်ဆီဂျင်လိုအပ်ချက်**

ကိုဗစ် – ၁၉ ရဲ့ တိုက်ခိုက်မှုတစ်ခုအနက် အဆုတ်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခံရတဲ့ လူနာတွေမှာ အောက်ဆီဂျင်လိုအပ်ချက် မြင့်တက်ခဲ့တာကို နိုင်ငံတော်ကနေ ဇူလိုင်လနဲ့ ဩဂုတ်လအတွင်းမှာ ဖြည့်ဆည်းလျက်ရှိတာကိုလည်း တွေ့မြင်ရပါတယ်။ အရေးကြီးပြီး မဖြစ်မနေ ဦးစားပေးရမယ့် ကိုဗစ်–၁၉ ကုသရေးစင်တာတွေ၊ ဆေးရုံတွေရဲ့ အောက်ဆီဂျင်လိုအပ်ချက်ကို ပြည်ပတင်သွင်းမှု၊ ပြည်တွင်းထုတ်လုပ်မှု နည်းလမ်းပေါင်းစုံနဲ့ ဖြည့်ဆည်းပေးလျက်ရှိတာဖြစ်ပြီး ရပ်ရွာတွေအတွင်း အောက်ဆီဂျင်လိုအပ်ချက်တွေကိုလည်း ပရဟိတအသင်းတွေနဲ့ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်တဲ့နေရာတွေက ဖြည့်ဆည်းပေးလျက်ရှိတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဝိသမလောဘသားတွေရဲ့ ဈေးအဆမတန်မြှင့်တင်ရောင်းချတာတွေကို တိုက်ဖျက်နိုင်ခဲ့ပါပြီ။ အောက်ဆီဂျင်လိုအပ်ချက်ကိုလည်း နိုင်နိုင်နင်းနင်း ဖြည့်တင်းပေးလျက်ရှိတာကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါတယ်။

ရောဂါကူးစက်မှုနှုန်းကို လျှော့ချဖို့ စာသင်ကျောင်းတွေ ပိတ်ခဲ့ရသလို အစိုးရရုံးတွေကိုလည်း ခေတ္တပိတ်ခဲ့ရပါတယ်။ ရောဂါကူးစက်မှုနှုန်းမြင့်မားတဲ့မြို့နယ်တွေကို နေအိမ်တွင်သာ နေထိုင်ကြဖို့အတွက် Stay at Home အစီအစဉ်တွေကို ချမှတ်ခဲ့ရပါတယ်။ ပြည်သူတွေလိုအပ်တဲ့ဆေးဝါးနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေကို ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ဝယ်ယူနိုင်အောင် နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့က အဆင့်ဆင့်ကြပ်မတ်စိစစ်ပေးခဲ့သလို ကိုဗစ်ရောဂါကို စနစ်တကျတွန်းလှန်တိုက်ဖျက်ဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံတွေကိုလည်း ချမှတ်ခဲ့တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ပဲ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ဆင့်ပေးအပ်ထားပြီး စောင့်ကြည့်ရမယ့်အဆင့်၊ ရောဂါပြင်းထန်မှုအရ ကုသမှုအတွက် သတ်မှတ်ထားတဲ့ စင်တာတွေ၊ ဆေးရုံတွေကို အဆင့်ဆင့်ခွဲခြားဆောင်ရွက်မှုတွေရဲ့ ရလဒ်အဖြစ် ကိုဗစ်–၁၉ ကြောင့် သေဆုံးရတဲ့ လူနာဦးရေကိုလည်း လျှော့ချပေးနိုင်ခဲ့တာ မြင်တွေ့ရပါတယ်။

**ပညာပေးအစီအစဉ်တွေ**

ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကလည်း အထူးအရေးကြီးတဲ့ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်ဖြစ်တာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထိုးနှံပေးနိုင်ဖို့အတွက် ဇူလိုင်လကတည်းက ပညာပေးအစီအစဉ်တွေနဲ့ ပြည်သူလူထုနားလည်သဘောပေါက်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့သက်သေအဖြစ် ကာကွယ်ဆေးထိုးလိုသူ ပြည်သူတွေ များပြားလာခဲ့ပြီး အရေးကြီးအုပ်စုတွေ သတ်မှတ်ထိုးနှံပေးခဲ့တာတွေကလည်း ကိုဗစ်ကြောင့် စိတ်နှလုံးထိခိုက်မှုတွေကို ထပ်မံမကြုံရအောင် ဆောင်ရွက်ပေးနိုင်ခဲ့တာတွေပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ ပြီးခဲ့တဲ့ ဇူလိုင်လ ကိုဗစ်တတိယလှိုင်း ကူးစက်မှုအမြင့်ဆုံးကာလတွေကို အခုအချိန်မှာ လွန်မြောက်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ တတိယလှိုင်းကပေးတဲ့ သင်ခန်းစာတွေနဲ့ အကျိုးကျေးဇူးတွေအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုတွေကို အဆင့်အလိုက် စနစ်တကျ ချိတ်ဆက်ပြီး ကုသမှုခံယူကြဖို့ ပြည်သူတွေအနေနဲ့ အသိအမြင်တွေ တိုးပွားလာခဲ့ပြီဖြစ်သလို ကိုဗစ်– ၁၉ ကို ကြံ့ကြံ့ခံကာကွယ်ကြဖို့အတွက် ကာကွယ်ဆေးထိုးနှံခြင်းကိုလည်း ယုံယုံကြည်ကြည်နဲ့ ပူးပေါင်းဆောင်ရွက်လာကြတာကို မြင်တွေ့ရမှာပါ။ ထို့အတူ ဝိသမလောဘသားတွေက မတရားအမြတ်တင်ရောင်းချမှုတွေကိုလည်း ရပ်ရွာအတွင်းက ပြည်သူတွေက စုပေါင်းအားတွေနဲ့ လှူဒါန်းမှု၊ နိုင်ငံတော်ရဲ့ ကြီးကြပ်ဆောင်ရွက်မှုတွေနဲ့အညီ ပြည်ပကနေ ကုန်စည်တွေ စဉ်ဆက်မပြတ် တင်သွင်းပေးနိုင်ခဲ့မှုတွေကြောင့် ဖယ်ရှားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အနယ်နယ်အရပ်ရပ်မှာ ကိုဗစ်ရောဂါဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရတဲ့ မိသားစုတွေကိုလည်း နိုင်ငံတော်က ထောက်ပံ့တာတွေအပြင် ကိုယ်ထူကိုယ်ထ ပရဟိတလူငယ်တွေ၊ ပြည်သူတွေရဲ့ အင်အားနဲ့ တတ်စွမ်းသမျှ ကူညီဖေးမမှုတွေကလည်း ကိုဗစ်တတိယလှိုင်းကို ကျော်ဖြတ်ဖို့အတွက် အင်အားတွေပဲ ဖြစ်ခဲ့ရပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် မနေမနားတာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ လူမှုရေးအသင်းအဖွဲ့များအားလုံးရဲ့ စောင့်ရှောက်ပေးမှုကြောင့်လည်း မိမိတို့ပြည်သူများ ကိုဗစ်–၁၉ တတိယလှိုင်းအမြင့်ဆုံးအခြေအနေကနေ လျော့ကျလာခဲ့တာပဲ မဟုတ်ပါလား။

ကိုဗစ်–၁၉ ရောဂါဟာ ဗီဇအမျိုးမျိုးပြောင်းလဲပြီး မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေဦးမယ့်အရာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကာကွယ်ရေး၊ ထိန်းချုပ်ရေးနဲ့ ကုသရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်သူတွေကို ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရမယ့် နယူးနော်မယ်လိုက်ဖ် (New Normal Life) ကို အသားကျစေဖို့ ကျန်းမာရေးအသိပညာတွေ မျှဝေတာ၊ ကာကွယ်ဆေးမဖြစ်မနေ ထိုးနှံတာနဲ့အတူ ပူးပေါင်းကာကွယ်တာစတဲ့ အသိပညာတွေကို နိုင်ငံတော်က ဖြန့်ဝေပေးလျက်ရှိတာကိုလည်း အမြဲမပြတ် နားစွင့်နေကြဖို့နဲ့ လိုက်နာကြဖို့ လိုအပ်ပါတယ်။

ထို့အတူ ကိုဗစ် – ၁၉ ကို ရင်ဆိုင်နေရချိန်နဲ့ အပြိုင် တိုင်းပြည်ရဲ့ စီးပွားရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ မနိမ့်ကျစေရေးအတွက်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ အသင်းအဖွဲ့တွေအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြခြင်းဖြင့် ကြိုးပမ်းသွားကြဖို့အတွက် လူတစ်ဦးချင်းမှအစပြု၍ ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

> **ကိုဗစ်-၁၉ ရောဂါဟာ ဗီဇအမျိုးမျိုးပြောင်းလဲပြီး မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေဦးမယ့်အရာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကာကွယ်ရေး၊ ထိန်းချုပ်ရေးနဲ့ ကုသရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်သူတွေကို ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရမယ့် နယူးနော်မယ်လိုက်ဖ် (New Normal Life) ကို အသားကျစေဖို့ ကျန်းမာရေးအသိပညာတွေ မျှဝေတာ၊ ကာကွယ်ဆေးမဖြစ်မနေ ထိုးနှံတာနဲ့အတူ ပူးပေါင်းကာကွယ်တာစတဲ့ အသိပညာတွေကို နိုင်ငံတော်က ဖြန့်ဝေပေးလျက်ရှိတာကိုလည်း အမြဲမပြတ် နားစွင့်နေကြဖို့နဲ့ လိုက်နာကြဖို့ လိုအပ်ပါတယ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၉-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Price in Kyats(Retail) | Company Name |
|---|---|---|---|
| Antiviral | | | |
| 1 | P.O Favipiravir 400 mg | 50000 | AA Medical |
| 2 | Injection – Remdesivir | 70000 | GHI |
| Anti thrombosis | | | |
| 3 | Injection Enoxaprim 40 mg | 7000 | Nyi Lay Naing |
| 4 | Injection Enoxaprim 60 mg | 9000 | Nyi Lay Naing |
| Symptomatic | | | |
| 5 | P.O Paracetamol 500 mg | 1500 | AA Medical |
| 6 | P.O Dextromethophan | 1450 | AA Medical |
| 7 | P.O Bromhexine | 1000 | Medi Myanmar |
| 8 | P.O Cetrizine | 2200 | AA Medical |
| Supportive | | | |
| 9 | P.O Multivitamin with/ without zinc | 5600 | OLIVE |
| 10 | P.O Vitamin C | 700 | Pai Brother |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/323302521392189/posts/1720802588308835/?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်ထုတ်စက်အသစ် ထပ်မံရောက်ရှိ

**မကွေး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသည့် အောက်ဆီဂျင်ထုတ်စက်သစ်ချထားဆောင်ရွက်နေမှု အခြေအနေအား သွားရောက်ကြည့်ရှုကာ အမြန်ဆုံးတပ်ဆင်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးရုံအုပ်ကြီးရုံးခန်း၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သူနာပြုလိုအပ်ချက်အတွက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ နောက်ဆုံးနှစ် တက်ရောက်နေသည့် သင်တန်းသားများအား ခေါ်ယူပြီး ဆေးရုံတွင် လက်တွေ့ဆင်းနိုင်ရေး ဆောင်ရွက်ရန် မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဆေးရုံကြီးသို့ အသစ်ထပ်မံရောက်ရှိလာသည့် အောက်ဆီဂျင်ထုတ်စက်မှာ အောက်ဆီဂျင် လီတာ ၄၀ အိုးကြီး အလုံး ၁၀၀ ထွက်ရှိမည့် စက်အမျိုးအစားဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အပံ့ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

## မော်လမြိုင်မြို့ အထက(၁)၌ ဌာနဆိုင်ရာဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် စစ်ဆေး



**မော်လမြိုင် ဩဂုတ် ၂၉**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့နံနက် ၁၁ နာရီက မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေးပေးခြင်းကို ကြည့်ရှုအားပေးသည်။

**ဆောင်ရွက်ပေးမည်**

ယင်းသို့စစ်ဆေးဆောင်ရွက်ခြင်းသည် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့နည်းကျဆင်းသွားခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ Rapid Antigen Diagnostic Test Kit ဖြင့် နှာခေါင်းတို့ဖတ် နမူနာရယူကာ စစ်ဆေးခြင်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေးတွေ့ရှိပါက ရောဂါဆက်လက်ကုသနိုင်ရေးအတွက် သတ်မှတ်နေရာများသို့ ပို့ဆောင်ကုသပေးမည်ဖြစ်ပြီး အလားတူ မွန်ပြည်နယ်အတွင်း မော်လမြိုင်မြို့နယ် အပါအဝင် Stay at Home သတ်မှတ်ထားသည့် မြို့နယ် သုံးမြို့နယ်ရှိဌာနဆိုင်ရာဝန်ထမ်းများအား စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၉၂ ဦးနှင့် အမျိုးသမီး ၁၆၆ ဦး စုစုပေါင်း ၃၅၈ ဦးကိုလည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၆၄ ဦးနှင့် အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၂၅၃ ဦးကိုလည်းကောင်း၊ ကရင်ပြည်နယ်မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၁၄ ဦးနှင့် အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၂၀၃ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်စဉ်။

ဓာတ်ပုံ – ယာဆေး(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လက်ခံထားရှိ**

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၃၇ ဦးနှင့် အမျိုးသမီး ၈၅ ဦး စုစုပေါင်း ၂၂၂ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း နှစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၆၄ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၉ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လက်ပံတန်းမြို့နယ်၌ ရွေ့လျားစစ်ဆေးရေးယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး အခမဲ့စစ်ဆေးပေးလျက်ရှိ

**လက်ပံတန်း ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ကူးစက်မှုနှုန်း များပြားနေသော လမ်း၊ ရပ်ကွက်၊ ကျေးရွာများကို ရွေးချယ်သတ်မှတ်ပြီး ရောဂါကူးစက်မှုနှုန်း အမှန်တကယ်လျော့နည်းစေရန် အထူးအစီအစဉ်အဖြစ် ကျန်းမာရေးစစ်ဆေးမှုများကို ဩဂုတ် ၂၇ရက်မှစ၍ ရွေ့လျားစစ်ဆေးရေးယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးပေးလျက်ရှိသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဩဂုတ် ၂၇ ရက်တွင် ကျွန်းကလေးကျေးရွာအုပ်စု၊ ကြို့ပင်စခန်းကျေးရွာအုပ်စု၊ မှော်အင်ကျေးရွာအုပ်စုရှိ ပြည်သူ ၁၅၆ ဦးအား စစ်ဆေးခဲ့ရာ တစ်ဦးပိုးတွေ့ရှိခဲ့ပြီး ယမန်နေ့တွင် ၁ လမ်းမြို့မဈေးရှေ့နှင့် ကျွန်းကလေးအနောက်ဘက်ကမ်း တန် ၂၅၀ လမ်းဆုံ ကိုဗစ်စည်းကမ်းထိန်းသိမ်းရေး စစ်ဆေးရေးဂိတ်တို့တွင် ပြည်သူ ၂၆၂ ဦးအား စစ်ဆေးခဲ့ရာ လေးဦးပိုးတွေ့ရှိခဲ့ကြောင်း သိရသည်။

ပိုးတွေ့လူနာများအား ဆေးရုံသို့ ပို့ဆောင်ကုသပေးခြင်းနှင့် ထိတွေ့သူများအား ကွာရန်တင်းစင်တာများသို့ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






# ကင်းတားရေလှောင်တမံမှ ယခုနှစ် မိုးစပါးနှင့် အခြားသီးနှံ ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မြစ်သား ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံ ယခုနှစ်တွင် ကန်တွင်းရေဝင်ရောက်မှုနည်းသော်လည်း ယခုချိန်အထိ မိုးစပါး ၅၂၀၅၇ ဧကနှင့် အခြားသီးနှံ ၁၅၄၉ ဧကခန့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး သတ်မှတ်လျာထားဧကများ ပြည့်မီအောင် ဆည်ရေဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကင်းတားရေလှောင်တမံမှ မြစ်သား၊ ဝမ်းတွင်း၊ ကျောက်ဆည်နှင့် တံတားဦးမြို့နယ်တို့အထိ စိုက်ပျိုးရေနှင့် သောက်သုံးရေ နှစ်စဉ် ပေးဝေလျက်ရှိကြောင်း အဆိုပါ လေးမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ မိုးစပါး ၁၀၉၁၃၂ ဧကနှင့် အခြားသီးနှံ ၂၇၂၇၂ ဧက ကို စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ရေဝင်ရောက်မှုမှာ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့ထက် လျော့နည်းနေသော်လည်း ဆည်ရေကို အလေအလွင့်နည်းစွာနှင့် တောင်သူလယ်သမားတိုင်း ရေသွင်းစိုက်ပျိုးသည့် ဧကအလိုက် အချိုးကျအညီအမျှ ဆည်ရေရရှိ စိုက်ပျိုးနိုင်ရန် ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ လမ်းညွှန်ချက်များနှင့်အတူ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများမှ ရေစီမံခန့်ခွဲမှု နည်းလမ်းများအတိုင်း ရေအလေအလွင့်နည်းပါးစွာဖြင့် စိုက်ကွင်းများဆီသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ကင်းတားရေသောက်တောင်သူ အများစုမှာ မနော်သုခ၊ ဧရာမင်း၊ ရွှေမနော်၊ ရွှေသွယ်ရင်၊ ဆင်းသုခ စသည့် စပါးမျိုးများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်းလည်း သိရသည်။

မောင်လွင်

# မြိတ်မြို့၌ ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုများပြားသည့် ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများအား ရောဂါပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေး

**မြိတ် ဩဂုတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ရောဂါပိုးဖြစ်ပွားမှုများပြားလျက်ရှိသည့် မြိတ်တောင်ကျေးရွာနှင့် မြိတ်တောင်ရပ်ကွက်တို့ရှိ ပြည်သူများအား ယနေ့တွင် နေရာလေးနေရာ၌ RDT Test Kit ဖြင့် ရောဂါပိုး ရှိ၊ မရှိ အခမဲ့ စစ်ဆေးပေးလျက်ရှိသည်။

မြိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ဖြစ်ပွားမှုအများဆုံးသည် မြိတ်တောင်ကျေးရွာဖြစ်ပြီး မြိတ်တောင်ရပ်ကွက်သည် ကျယ်ဝန်း၍ လူနေထူထပ်သည့်အတွက် ရောဂါပိုးတွေ့ရှိမှုများပြားသည့် ဧရိယာထဲတွင် ပါဝင်ကြောင်း၊ ကျန်ရှိသည့်ရပ်ကွက်ကျေးရွာများကိုလည်း လိုအပ်ပါက ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးရာတွင် ပိုးတွေ့ရှိသူများကို ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူစေမည်ဖြစ်ပြီး ၎င်းတို့နှင့် ထိတွေ့ခဲ့သူများအား ထပ်မံစစ်ဆေး၍ အသွားအလာကန့်သတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

မြိတ်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါ တတိယလှိုင်းဖြစ်ပွားပြီး ရောဂါပိုးစစ်ဆေးတွေ့ရှိသူ ယမန်နေ့အထိ ၁၆၁၅ ဦးရှိခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူပြီး ပြန်လည်ကျန်းမာလာသူ ၁၂၄၇ ဦးရှိ၍ ဆေးရုံတွင် ဆေးကုသမှုခံယူနေသူ ၂၁၂ ဦး ရှိကာ သေဆုံးသူ ၁၅၃ ဦးရှိခဲ့ကြောင်း သိရသည်။

ခိုင်ထူး(မြိတ် ပြန်/ဆက်)



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် သြဂုတ် ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး အတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၇၂၅ ဦးနှင့် ကင်းသာ(၁/၂)ကုန်ထုတ်စခန်းများရှိ အကျဉ်းသား ၃၂၇ ဦးတို့ကိုလည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၅၃၄ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၂၀၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၂ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၅၈၂ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်အတွင်းမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၉၇၆ ဦး၊ စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၈၂၄ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၀၉၃၈ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၁၅၀ တို့ကိုလည်းကောင်း တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်ရှိ အသက် ၆၅ နှစ်နှင့်အထက် ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**မအူပင် သြဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သြဂုတ် ၂၇ ရက် နံနက် ၉ နာရီမှစတင်၍ မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ပေးသည်။ ကာကွယ်ဆေးကို စနစ်တကျထိုးနှံပေးခဲ့ပြီး မိနစ် ၃၀ အနားယူစေကာ စိတ်ချသည့် အခြေအနေရောက်ရှိမှသာ စနစ်တကျ ပြန်ခွင့်ပြုထားကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်း ဆေးထိုးအုပ်စုနေရာများအဖြစ် ကျောင်းရွာ(အထက)၊ မလတ်တို(အထက)၊ ရွှေတောင်မှော်(အထက)၊ ကျွဲဒိုး (အထက)၊ လက်ပံကုန်း(အထက) နှင့် မအူပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စသည့်နေရာများတွင် အဖွဲ့ခြောက်ဖွဲ့၊ နေရာခြောက်နေရာခွဲ၍ အုပ်စုပေါင်း ၈၈ အုပ်စုကို သတ်မှတ်ရက်များအလိုက် စတင်ထိုးနှံပေးလျက်ရှိပြီး မအူပင်မြို့ပေါ်အနေဖြင့် ယနေ့တွင် အသက် ၆၅ နှစ်နှင့်အထက် ၁၀၀ ခန့် ထိုးပေးသွားမည်ဖြစ်ကြောင်းနှင့် မအူပင်မြို့နယ်အတွင်း ဆေးထိုးအုပ်စု ခြောက်ဖွဲ့ရှိပြီး သတ်မှတ်နေရာများတွင် လူဦးရေ ၄၁၂ ဦးအား ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကမ္ဘာ့ကပ်ရောဂါကို ရပ်တန့်နိုင်တာက ကာကွယ်ဆေး မဟုတ်ပါဘူး၊ ကာကွယ်ဆေး ထိုးနှံခြင်းဖြစ်ပါတယ်၊ ကာကွယ်ဆေးတွေ ရှိနေပေမယ့် များများထိုးမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်

**ဒေါက်တာခင်ခင်ကြီး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၂၈ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။ ။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။**

**လက်ရှိမြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကို ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး။** လက်ရှိ မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေကို ခြုံငုံကြည့်မယ်ဆိုရင် လျော့လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါက ဝမ်းသာစရာကောင်းတဲ့ အခြေအနေ ဖြစ်ပါတယ်။ သို့သော် တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကူးစက်ပြန့်ပွားမှု များနေဆဲဖြစ်ပြီး ထိန်းချုပ်ဖို့ လိုအပ်နေတယ်ဆိုတာကို တွေ့ရပါတယ်။

ဒါကြောင့် ထိန်းချုပ်ဖို့လိုအပ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှိ မြို့နယ်တွေကို Stay at Home အဖြစ် သတ်မှတ်ထားရှိပါတယ်။ ဩဂုတ်လ ၂၅ ရက်အထိ Stay at Home မြို့နယ် ၁၁၉ မြို့နယ် ရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ရင်ဆိုင်နေရတာက ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ဖြစ်ပါတယ်။ ဒီအချိန်မှာ တချို့နိုင်ငံတွေက စတုတ္ထလှိုင်းနဲ့ ရင်ဆိုင်နေရပါတယ်။

စတုတ္ထလှိုင်းနဲ့ ရင်ဆိုင်နေရတဲ့ နိုင်ငံတွေက ကနေဒါ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီ၊ တောင်အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံတွေ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံအနေနဲ့ ကိုဗစ်စတုတ္ထလှိုင်းကို အစောဆုံးခံစားရတာ ဖြစ်ပါတယ်။ ဒ့ါအပြင် အမေရိကန်နိုင်ငံရှိ ပြည်နယ်တချို့နဲ့ အာရှတိုက်မှာရှိတဲ့ ဂျပန်နိုင်ငံနဲ့ ဟောင်ကောင်တို့လည်း ကိုဗစ်စတုတ္ထလှိုင်းကို ခံစားနေရတာ ဖြစ်ပါတယ်။ ကိုဗစ်ရောဂါတတိယလှိုင်း ခံစားနေရတဲ့ နိုင်ငံတွေက ပါကစ္စတန်နဲ့ အရှေ့တောင်အာရှနိုင်ငံ အတော်များများ ဖြစ်ပါတယ်။ ယခုရောဂါဖြစ်ပွားမှုကို အတော်ထိန်းချုပ်နိုင်ပြီဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ကိုဗစ်ရောဂါ ဒုတိယလှိုင်းကို ခံစားနေရတာဖြစ်ပါတယ်။

ဒီလို ‘လှိုင်း’ ဆိုတာ အမည်သညာခေါ်ဝေါ်တာဖြစ်ပါတယ်။ အဓိက မြန်မာနိုင်ငံအနေနဲ့ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းတွေ ဖြစ်ပွားမှုက အခြားနိုင်ငံတွေထက်စာရင် နောက်ကျပြီးမှ ရောဂါဖြစ်ပွားမှုတွေ ဖြစ်တယ်ဆိုတာကို သိစေချင်တာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် မတ်လမှာ တခြားနိုင်ငံတွေက ကိုဗစ်ရောဂါ တတိယလှိုင်းကူးစက်မှုတွေ ဖြစ်နေပြီး ဗီဇပြောင်းပိုးတွေလည်း ထွက်ပေါ်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်ရောဂါ ဒုတိယလှိုင်းဖြစ်တဲ့အချိန်မှာ နဂိုကိုဗစ်-၁၉ ဗီဇပြောင်းမှုရင်းပိုးကနေ ဗီဇပြောင်းသွားတဲ့အတွက် 614 G ဆိုပြီးဖြစ်သွားပါတယ်။ ဒါကလည်း ကူးစက်မှုတွေ အလွန်မြန်ပါတယ်။



မအူပင်မြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများအား ဩဂုတ် ၂၉ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ ဓာတ်ပုံ-မအူပင်ခရိုင် (ပြန်/ဆက်)

မြန်မာနိုင်ငံရဲ့ တတိယလှိုင်းနဲ့ တချို့နိုင်ငံတွေရဲ့ စတုတ္ထလှိုင်းမှာ အဓိက ရောဂါကူးစက်ဖြစ်ပွားမှုတွေ ခံစားနေရတာက ‘အယ်လ်ဖာ’၊ ‘ဗီတာ’၊ ‘ဂါမာ’နဲ့ ‘ဒယ်လ်တာ’ ဆိုတဲ့ ဗီဇပြောင်းပိုးတွေကြောင့် ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ဗီဇပြောင်းပိုးကူးစက်ဖြစ်ပွားမှုက ၂၀၂၁ ခုနှစ် မတ်လအကုန်နဲ့ ဧပြီလဆန်းမှာ အလွန်ဆိုးရွားလာပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မေလမှာ ချင်းပြည်နယ်ကနေ စစ်ကိုင်းတိုင်းဒေသကြီးကို ကူးစက်ပျံ့နှံ့ရောက်ရှိတယ်လို့ သုံးသပ်ရပါတယ်။ ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့မှာ မေလ ၂၇ ရက်က ရောဂါပိုးတွေ့ရှိတယ်လို့ အတည်ပြုပါတယ်။ ရောဂါပိုးတွေ့ရှိတဲ့နေရာနဲ့ လမ်းပန်းဆက်သွယ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးနဲ့ တမူးမြို့တို့ကို ရောက်ရှိသွားပါတယ်။ မြန်မာနိုင်ငံမှာ တတိယလှိုင်း အစက ဒီလိုပုံစံနဲ့စတင်လာတာ ဖြစ်ပါတယ်။ ဇွန်လဆန်းမှာ ကလေးမြို့မှာရှိတဲ့ ပိုးတွေ့လူနာက မန္တလေးမြို့ကို လာရောက်ပြီး ဆေးကုတာကနေ မန္တလေးတိုင်းဒေသကြီးမှာ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာတာကို တွေ့ရပါတယ်။ ‘လှိုင်း’ရဲ့ သံသရာကို ဒီလိုပုံစံတွေ့ရပါတယ်။

**မြန်မာနိုင်ငံအနေနဲ့ ရောဂါကူးစက်မှုတွေ များလာတဲ့အတွက် ဇွန်လအကုန်ပိုင်းမှာ မျိုးရိုးဗီဇ စစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ ဒီလိုရောဂါကူးစက်မှုတွေ များလာခြင်းက ဗီဇပြောင်းပိုးတွေကြောင့် ဟုတ်/မဟုတ်ကို ဓာတ်ခွဲနမူနာ ၂၀ အခြေခံပြီး စစ်ဆေးတဲ့အခါ ‘အယ်လ်ဖာ’ ဗီဇပြောင်းပိုးရှိသူ လေးဦး၊ ‘ဗီတာ’ ဗီဇပြောင်းပိုးရှိသူ လေးဦးနဲ့ ‘ဒယ်လ်တာ’ ဗီဇပြောင်းပိုးရှိသူ ခုနစ်ဦး တွေ့ရှိရပါတယ်။ ဒ့ါပြင် သတိထားရမယ့် Variant of Interest ဗီဇပြောင်းပိုးတစ်မျိုးဖြစ်တဲ့ ‘ကပ်ပါ’ ဗီဇပြောင်းပိုးရှိသူ လေးဦး တွေ့ရှိရပါတယ်။**

**ဒါတွေအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိထားစောင့်ကြည့်ရမယ့် အန္တရာယ်ရှိနိုင်တဲ့ ဗီဇပြောင်းပိုး(Alert) ၁၁ မျိုးရှိပါတယ်။ ဒါက နဂို Variant of Interest (VOI) ခုနစ်မျိုးထဲကနေ လျော့သွားတဲ့ သုံးမျိုးအပြင် တခြားဟာတွေ ပါဝင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတိထားစောင့်ကြည့်ရမယ့် အန္တရာယ်ရှိနိုင်တဲ့ ဗီဇပြောင်းပိုး ၁၁ မျိုးထဲက B.1.466.2 ဆိုတဲ့ ဗီဇပြောင်းပိုးတွေ့ရှိသူ တစ်ဦးရှိပါတယ်။ ဒါကြောင့် ဓာတ်ခွဲနမူနာ ၂၀ အခြေခံပြီး စစ်ဆေးတဲ့အခါ ‘အယ်လ်ဖာ’၊ ‘ဗီတာ’၊ ‘ဒယ်လ်တာ’၊ ‘ကပ်ပါ’နဲ့ B.1. 466.2 ဆိုတဲ့ ဗီဇပြောင်းပိုးတွေ့ရှိသူ ၂၀ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာတွေ့ရတဲ့ ဗီဇပြောင်းပိုးတွေရဲ့ မူရင်းဒေသတွေက ‘အယ်လ်ဖာ’ကို ယူကေနိုင်ငံ၊ ‘ဗီတာ’ ကို တောင်အာဖရိကနိုင်ငံ၊ ‘ဒယ်လ်တာ’ နဲ့ ‘ကပ်ပါ’ ကို အိန္ဒိယနိုင်ငံတို့မှာ စတင်တာဖြစ်ပါတယ်။ ဒီလိုဗီဇပြောင်းပိုးတွေ့ရှိရတာနဲ့ တစ်ပြိုင်တည်း မိမိတို့အနေနဲ့ ဂရုစိုက်နေထိုင်ရမယ် ဆိုတာကို သိစေချင်ပါတယ်။ ဗီဇပြောင်းပိုးရှိတယ်လို့ မသိရခင် မေလ ၂၇ ရက်မှာ ရောဂါပိုးစတွေ့ပြီဆိုတာနဲ့ လိုအပ်တဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အသေအချာ အားဖြည့်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ကြားကနေ အိန္ဒိယဗီဇပြောင်းပိုးက နယ်စပ်ဒေသကနေ မြန်မာတစ်နိုင်ငံလုံးကို ပျံ့နှံ့ရောက်ရှိသွားတယ်လို့ ယူဆရပါတယ်။

**ကျွန်မတို့အနေနဲ့ သေသေချာချာ မထိန်းချုပ်နိုင်ဘူးလားဆိုတော့ မဟုတ်ပါဘူး။ လက်ရှိမှာ ဗီဇပြောင်းပိုးတွေက ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတော်တော်များများကို ပျံ့နှံ့ရောက်ရှိနေပြီ ဖြစ်ပါတယ်။ တစ်နေ့တခြား ထိန်းချုပ်နိုင်လို့သာ ဒီလောက်အခြေအနေကို ရောက်ရှိတာဖြစ်ပါတယ်။ WHO ရဲ့ ထုတ်ပြန်ချက်အရ ‘အယ်လ်ဖာ’နဲ့ ‘ဒယ်လ်တာ’ ဗီဇပြောင်းပိုးတွေက ကူးစက်မှုတွေ ပြင်းထန်တယ်၊ မြန်ဆန်တယ်။ ရောဂါဖြစ်ပွားမှုအနေနဲ့ ဆေးရုံတက်ရောက်ရမှုတွေ၊ သေဆုံးမှုတွေနဲ့ ဆက်စပ်မှုရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် တတိယလှိုင်းမှာ ကူးစက်မှုတွေ၊ ပျံ့နှံ့ဖြစ်ပွားမှုတွေ များတယ်လို့ သုံးသပ်ရပါတယ်။**

ဒုတိယလှိုင်းနဲ့ တတိယလှိုင်းကို ယှဉ်ကြည့်မယ်ဆိုရင် ဒုတိယလှိုင်းမှာ D 614 G ဗီဇပြောင်းပိုးရဲ့ ကူးစက်မှုအနေနဲ့ တစ်နေ့ကို အတည်ပြုလူနာ ၅၀၃

## ထက်လျှို

ဦးနဲ့ သေဆုံးလူနာ ၁၁ ဦး ပျမ်းမျှရှိပါတယ်။ သေဆုံးမှုနှုန်းအနေနဲ့ ၂ ဒသမ ၂ ရှိပါတယ်။ ကမ္ဘာပေါ်မှာ ‘ဒယ်လ်တာ’နဲ့ ‘အယ်လ်ဖာ’ ဒီလို ဗီဇပြောင်းပိုးတွေရဲ့ ဖြစ်ပွားကူးစက်မှုနှုန်းနဲ့ သေဆုံးမှုတွေ များလာတဲ့အခြေအနေမှာ မြန်မာနိုင်ငံအနေနဲ့ မိမိမှာရှိတဲ့အင်အားနဲ့ အကောင်းဆုံးတားဆီးကာကွယ်နေတဲ့ကြားကနေ ကူးစက်ခံခဲ့ရပါတယ်။ ဒီလိုကူးစက်ခံရတဲ့အတွက် တစ်နေ့ကို ကိုဗစ်အတည်ပြုလူနာ ပျမ်းမျှ ၂၆၂၂ ဦး ဖြစ်ပါတယ်။ နဂိုထက် ငါးဆကျော် ပျမ်းမျှလူနာ တွေ့ရတာဖြစ်ပါတယ်။

သေဆုံးတဲ့လူနာက ပျမ်းမျှအားဖြင့် ၁၂၇ ဦးနှုန်းရှိတဲ့အတွက် တတိယလှိုင်း သီးသန့်တွက်မယ်ဆိုရင် သေဆုံးမှုက ၄ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် သတိထားစေချင်ပါတယ်။

**အစီအစဉ်မှူး။ ။ အခုတတိယလှိုင်း ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီလားဆိုတာကို ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး။** ယခုလက်ရှိမှာအတော့်ကို ထိန်းချုပ် နိုင်နေပြီလို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တတိယလှိုင်း ကူးစက်ပြန့်ပွားတဲ့အချိန် ယခုနှစ် မေလ ၂၇ ရက်ကစပြီး ဩဂုတ်လ ၂၀ ရက်အထိ ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၃၇၀၀၀၀ နီးပါးရှိပါတယ်။ သေဆုံးသူ တစ်သောင်းကျော် ရှိပါတယ်။ ဓာတ်ခွဲစစ်ဆေးမှုပေါင်း ရှစ်သိန်းနီးပါးကို စစ်ဆေးနိုင်ပါတယ်။ တစ်နေ့ကို ဓာတ်ခွဲစစ်ဆေးမှု ၉၂၀၀ ကျော် စစ်ဆေးနိုင်ပြီး ပိုးတွေ့နှုန်းအနေနဲ့ ၂၈ ဒသမ ၃၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဩဂုတ်လ ၂၅ ရက်မှာ ပိုးတွေ့နှုန်းက ၂၀ ရာခိုင်နှုန်းလောက် တွေ့ရပါတယ်။ စစ်တယ်ဆိုတာ ပိုးတွေ့နိုင်ခြေရှိတဲ့သူတွေကို စစ်တာဖြစ်တဲ့အတွက် ပိုးတွေ့ရာခိုင်နှုန်းက များပါတယ်။ ယခုပိုးတွေ့ရာခိုင်နှုန်း ၂၀ လောက်ရှိတယ်ဆိုတာ ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ တတိယလှိုင်းမှာ ရောဂါကူးစက်မှုအများဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ယခုလက်ရှိမှာ ပဲခူးတိုင်းဒေသကြီးက အများဆုံးပါ။ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ မန္တလေးတိုင်းဒေသကြီး၊ စတုတ္ထ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး မကွေးတိုင်းဒေသကြီးက နံပါတ် (၅) ဖြစ်ပါတယ်။

သို့သော် ဖြစ်ပွားမှုနဲ့ သေဆုံးမှုက မတူပါဘူး။ သေဆုံးမှုအမြင့်ဆုံးက မွန်ပြည်နယ်၊ ဒုတိယ ကရင်ပြည်နယ်ဖြစ်ပြီး တတိယ မန္တလေးတိုင်းဒေသကြီး ဖြစ်ပါတယ်။ ရုံးပိတ်ရက်ရှည် ပိတ်လိုက်ပြီး ပထမတစ်ပတ်မှာ ရောဂါဖြစ်ပွားမှု ၂ ရာခိုင်နှုန်း ကျပါတယ်။ ဒုတိယတစ်ပတ်မှာ ၁၉ ရာခိုင်နှုန်း၊ တတိယတစ်ပတ်မှာ ၃၃ ရာခိုင်နှုန်း၊ စတုတ္ထတစ်ပတ်မှာ ၄၁ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားမှုတွေ ကျဆင်းလာတာကို တွေ့ရပါတယ်။

လက်ရှိအနေအထားမှာလည်း ရောဂါဖြစ်ပွားမှုတွေကို ထိန်းချုပ်နိုင်တဲ့ အနေအထားရှိပါတယ်။ သို့သော် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ ဖြစ်ပွားသေဆုံးမှုတွေ ဆက်ပြီး မြင့်တက်နေတာကို တွေ့ရပါတယ်။ အခြေအနေကောင်းတော့ ရောက်ရှိနေပြီဖြစ်ပြီး ပေါ့လို့ မရသေးဘူးဆိုတာကို ပြောကြားလိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**တတိယလှိုင်းမှာ ရောဂါကူးစက်မှုအများဆုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ယခုလက်ရှိမှာ ပဲခူးတိုင်းဒေသကြီးက အများဆုံးပါ။ ဒုတိယ ရန်ကုန်တိုင်းဒေသကြီး၊ တတိယ မန္တလေးတိုင်းဒေသကြီး၊ စတုတ္ထ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး မကွေး တိုင်းဒေသကြီးက နံပါတ် (၅) ဖြစ်**

**ရုံးပိတ်ရက်ရှည် ပိတ်လိုက်ပြီး ပထမတစ်ပတ်မှာ ရောဂါဖြစ်ပွားမှု ၂ ရာခိုင်နှုန်း ကျပါတယ်။ ဒုတိယတစ်ပတ်မှာ ၁၉ ရာခိုင်နှုန်း၊ တတိယတစ်ပတ်မှာ ၃၃ ရာခိုင်နှုန်း၊ စတုတ္ထတစ်ပတ်မှာ ၄၁ ရာခိုင်နှုန်းအထိ ရောဂါဖြစ်ပွားမှုတွေ ကျဆင်းလာတာကို တွေ့ရ**

## ဖိလစ်ပိုင်နိုင်ငံ၌ ၁၈၅၂၈ ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**မနီလာ ဩဂုတ် ၂၉**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၅၂၈ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၅၄၀၂၃ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၁ ဦးထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၃၁၀၉ ဦး ရှိပြီဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၁ ရက်မှစပြီး နေ့စဉ်ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၁၂၅၀၀ ကျော်ရှိသည်။ ဩဂုတ် ၂၈ ရက်က ရောဂါတွေ့ရှိသူအရေအတွက်သည် ၁၉၄၄၁ ဦးရှိပြီး နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင်ခဲ့ကြောင်း သိရသည်။


ထို့ပြင် နိုင်ငံအတွင်း၌ ဒယ်လ်တာမျိုးကွဲပြောင်းဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်လျက်ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ဒယ်လ်တာမျိုးကွဲပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁၆ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါမျိုးကွဲပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၈၉ ဦးရှိလာပြီဖြစ်သည်။

ဩဂုတ် ၂၆ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၂ သန်းကို ထိုးနှံပေးပြီးဖြစ်ပြီး ပြည်သူ ၁၃ ဒသမ ၅ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်သည်။ ယခုနှစ်မကုန်မီ ပြည်သူ သန်း ၇၀ ခန့်အား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးရန် အစိုးရက ရည်ရွယ်ထားသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၇၉၂၂ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၇၇၇၆၉၃ ဦး ရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ၁၇ သန်းကျော် ရောဂါရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇ ဒသမ ၇၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဩဂုတ် ၂၉**
အာဖရိကတိုက်၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၇၂၁၁၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၄၁၆၀ ရှိကြောင်း တောင်အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ သတင်းထုတ်ပြန်သည်။

ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားသူပေါင်း ၆၈၅၄၇၂၆ ဦးရှိသည်။ ထို့ပြင် ဒေသတွင်းရှိ ဗိုင်းရပ်စ်ကူးစက်ခံရသည့်နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ၂၇၅၇၁၉၁ ဦးရှိပြီး မော်ရိုကိုနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၈၄၉၅၃၂ ဦးရှိကြောင်း သိရသည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှုအရေအတွက် အမြင့်မားဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကတွင် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၅၃၆ ဦးထပ်မံတွေ့ရှိ

**ဗန်ကောက် ဩဂုတ် ၂၉**
ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၅၃၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၇၄၀၉၁ ဦးရှိလာပြီဖြစ်သည်။

အဆိုပါကူးစက်ခံရသူအရေအတွက်သည် ဇူလိုင် ၂၉ ရက်မှစပြီး ၁၇၀၀၀ အောက် ပထမဆုံးအကြိမ် ကျဆင်းခြင်းဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၆၄ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၁၄၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၇၀၀၀ နီးပါးသည် မြို့တော်ဗန်ကောက်မှဖြစ်ပြီး ကျန်အရေအတွက်သည် ဗန်ကောက်နှင့်အနီးတစ်ဝိုက်ရှိ ခရိုင်များမှဖြစ်သည်။ နိုင်ငံအတွင်း၌ မျိုးကွဲပြောင်းဗိုင်းရပ်စ်ကူးစက်မှုမြင့်တက်ခြင်းသည် ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ၁၀ ဒသမ ၀၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်သည်။ ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ ၆၉ သန်း၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**



## ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၆၆၃ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း ဩဂုတ် ၂၉**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၆၆၃ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၃၅၁၃၂ ဦး ရှိပြီး သေဆုံးသူပေါင်း ၁၀၇၄၉ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂၆၁၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၄၄ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဘင်ဒေါင်ခရိုင်၌ ၅၄၁၄ ဦး၊ ဟိုချီမင်းစီးတီး၌ ၄၉၅၇ ဦးနှင့် လောင်အန်ခရိုင်၌ ၅၃၃ ဦးတို့ကို အသီးသီးတွေ့ရှိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၈၀၃ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၂၁၉၈၀၂ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၉ ဒသမ ၄ သန်းကျော်အား ထိုးနှံပေးပြီး ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**

## ကဘူးလ်လေဆိပ် အကြမ်းဖက်တိုက်ခိုက်မှု၌ သေဆုံးသူ ၁၈၃ ဦးတွင် သတင်းထောက်များလည်းပါဝင်

**ကဘူးလ် ဩဂုတ် ၂၉**
ဩဂုတ် ၂၆ ရက်က အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်မြို့ရှိ ဟာမစ်ကာဇိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူများတွင် ရုပ်မြင်သံကြားအစီအစဉ်ကြေညာသူ အမျိုးသမီးတစ်ဦးအပါအဝင် သတင်းထောက်နှစ်ဦးပါဝင်ကြောင်း လွတ်လပ်သော အာဖဂန်မီဒီယာကုမ္ပဏီတစ်ခုဖြစ်သည့် အာဖဂန်နစ္စတန်သတင်းစာဆရာများစင်တာက ယနေ့ ပြောကြားသည်။

မကြာသေးမီကဖြစ်ပွားသည့် ကဘူးလ်လေဆိပ် အကြမ်းဖက်တိုက်ခိုက်မှုတွင် ရာဟာသတင်းအေဂျင်စီမှ သတင်းထောက်အာလီရီဇာအာမက်နှင့် ဂျာဟန်အီးဆီဟတ်တီဗွီ အစီအစဉ်တင်ဆက်သူဟောင်းဖြစ်သည့် နာဂျိမာဆာဒယ်ကီတို့သေဆုံးခဲ့ကြောင်း သတင်းစာဆရာများစင်တာက တွစ်တာစာမျက်နှာပေါ်တွင် ဖော်ပြထားသည်။

ဩဂုတ် ၂၆ ရက်က ဟာမစ်ကာဇိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၏အရှေ့ဘက်ခြမ်းဂိတ်၌ ဘေးကင်းရာအရပ်သို့ ပြောင်းရွှေ့ပေးမည့်လေယာဉ်ကို စောင့်ဆိုင်းနေသည့်လူအုပ်ကြီးအကြားတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အာဖဂန်လူမျိုး ၁၇၀ ကျော်နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံးပြီး ၂၀၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုသည် ဒေသဆိုင်ရာအိုင်အက်စ်စစ်သွေးကြွများ၏ လက်ချက်ဖြစ်ပြီး သေဆုံးသူများတွင် အများအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ပါဝင်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း သတင်းထောက် ၁၀၀ ကျော်အသက်ဆုံးရှုံးခဲ့ခြင်းကြောင့် ကမ္ဘာပေါ်၌ သတင်းထောက်များအတွက် အန္တရာယ်အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်လာခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



# အမေရိကန်တပ်ဖွဲ့ဝင်များ ကဘူးလ်လေဆိပ်မှ စတင်ဆုတ်ခွာ

**ကဘူးလ် ဩဂုတ် ၂၉**
အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်လေဆိပ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်တချို့သည် ကဘူးလ်လေဆိပ်မှ စတင်ဆုတ်ခွာနေပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်စစ်ဘက်က အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့ဝင်များအား ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ရုပ်သိမ်းသွားမည့်အစီအစဉ်ကို စတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ယနေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာရန် ကျန်ရှိနေသေးသည့် အမေရိကန်နိုင်ငံသား အရေအတွက်သည်လည်း ၃၅၀ အောက်သို့ ကျဆင်းသွားပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ဩဂုတ် ၂၈ ရက် အစောပိုင်းမှစတင်ကာ ၂၄ နာရီအတွင်း အကြမ်းဖျင်းအားဖြင့် လူဦးရေ ၆၈၀၀ အား ကဘူးလ်မြို့မှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အဆိုပါ အရေအတွက်သည် ဩဂုတ် ၂၇ ရက်တွင် ကဘူးလ်မြို့မှဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သူ အရေအတွက်၏ တစ်ဝက်ဖြစ်ပြီး အာဖဂန်နစ္စတန်ဘာသာပြန်များနှင့် အခြားဒေသတွင်း မဟာမိတ်များ ပါဝင်ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ကဘူးလ်လေဆိပ်အနီးတစ်ဝိုက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများအား သတိထားစောင့်ကြည့်မှုတွေမြင့်တက်လာလျက်ရှိပြီး အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးနှင့် အရပ်သား အများအပြား




သေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကဘူးလ်လေဆိပ်၌ ကျန်ရှိနေသေးသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်းမပြုရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မီဒီယာများအား တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**



# အင်ဒိုနီးရှားနိုင်ငံ၌ ၇၄၂၇ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ ဩဂုတ် ၂၉**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၀၇၃၈၃၁ ဦး ရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၅၅၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၁၉၂၃ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၁၆၄၆၈ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှပြန်လည်ဆင်းသွားခဲ့သူပေါင်း ၃၇၂၄၃၁၈ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၃၄ ဒသမ ၈၅ သန်း ရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၆၁ ဒသမ ၆၅ သန်းရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၅၇၉ ဦးရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၉**
မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၅၇၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၇၀၆၀၈၉ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၀၅၇၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ခုနစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၆၀၈၇ ဦးရှိလာကြောင်း



သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၀၈၄၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၄၂၂၀၀၅ ဦး ရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း၏ ၈၃ ဒသမ ၄ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၆၇၉၉၇ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၀၀၉ ဦးသည် အထူးကြပ်မတ် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၇၇ ဦးသည် အသက်ရှူအထောက်အကူပြု ကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၂၈၆ ဦးရှိ

**မော်စကို ဩဂုတ် ၂၉**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၂၆၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၈၈၂၈၂၇ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၇ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၁၈၁၆၃၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၆၈၀၄ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၆၁၄၈၂၅၀ ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၄၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မော်စကိုမြို့၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၅၆၄၉၅၂ ဦး ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ မီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိတွင် ရုရှားနိုင်ငံသားစုစုပေါင်း ၃၆ ဒသမ ၂ သန်းခန့်



သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# စင်ကာပူနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်




**စင်ကာပူ ဩဂုတ် ၂၉**
လက်ရှိအချိန်အထိ စင်ကာပူနိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီး အွန်ယီကန်က ယနေ့ပြောသည်။

ယင်းသို့ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့် ကာကွယ်ဆေးထိုးနှံမှုပြီးစီးခြင်းသည် ကျန်းမာရေး ဝန်ထမ်းများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ဖြစ်ကြောင်း ဝန်ကြီး အွန်ယီကန်က ဆိုသည်။

ရက်သတ္တတစ်ပတ်လျှင် အိမ်ထောင်စု ၇၀၀ ခန့် အား အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ပေးသည့် ဆရာဝန်များနှင့် သူနာပြုများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဝန်ကြီး အွန်ယီကန်က ဆိုသည်။

စက်တင်ဘာလမကုန်မီ အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ဆောင်ရွက်မှုပြီးစီးရန် ကျန်းမာရေးဝန်ကြီးဌာနက မျှော်လင့်ထားသည်။

ပြည်သူ ၈၀ ရာခိုင်နှုန်း ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည့်အတွက် လူအစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံရေးစင်တာများကို မကြာမီ ပိတ်ပင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

နိုင်ငံအတွင်း၌ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃ ဦး စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၇၅၂ ဦး ရှိလာ

**ဖနောင်ပင် ဩဂုတ် ၂၉**
ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၁၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၅၂ ဦးအထိ ရှိလာကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများ အနက် ၈၂ ဦးသည် မြို့တော် ဖနောင်ပင်မှဖြစ်ပြီး ကျန်ကူးစက်ခံရသူများသည် ပြည်နယ် ၂၂ ခုမှ ဖြစ်သည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ကျန်းမာရေးစည်းမျဉ်းများကို စနစ်တကျ လိုက်နာကြရန်နှင့် အသက် ၁၂ နှစ်နှင့်အထက်အရွယ် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ကျန်းမာရေးဝန်ကြီး မမ်ဘန်ဟန်က သတိပေးပြောကြားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၂၂၀၈ ဦးရှိလာပြီး အဆိုပါရောဂါကြောင့် ၁၁ ဦး ထပ်မံသေဆုံးသွားရာ သေဆုံးသူပေါင်း ၁၈၈၁ ဦး ရှိလာကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို ဖေဖော်ဝါရီလတွင် စတင်ပြီး တရုတ်နိုင်ငံထုတ် Sinovac နှင့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုလျက်ရှိသည်။ ပြည်သူ ၁၂ သန်း (နိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်း) အား ယခုနှစ်မကုန်မီ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးရန် အစိုးရက ရည်ရွယ်ထားသည်။



လက်ရှိအချိန်အထိ ပြည်သူ ၁၀ ဒသမ ၄၄ သန်း (လူဦးရေ၏ ၆၅ ဒသမ ၂၅ ရာခိုင်နှုန်း)သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ပြီး ပြည်သူ ၈ ဒသမ ၃၄ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၃၂ သန်းကျော်ရှိလာ



**အန်ကာရာ ဩဂုတ် ၂၉**
တူရကီနိုင်ငံ၌ ဩဂုတ် ၂၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၉၁၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၃၂၉၅၄၉ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၅ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၅၉၅၈ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၂၁၇၅ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၄၇ ဒသမ ၆၇ သန်းကျော်ရှိကြောင်း၊ နှစ်ကြိမ် စလုံးထိုးနှံပြီးသူ ၃၆ ဒသမ ၅၂ သန်းကျော်ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၉၂ ဒသမ ၇၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၅၀၀၀ ကျော်ရှိ

**နယူးဒေလီ ဩဂုတ် ၂၉**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅၀၈၃ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၂၆၉၅၀၃၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၄၆၀ ရှိခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၄၃၇၈၃၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၃၆၈၅၅၈ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၅၈၄၀ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၁၈၈၈၆၄၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၁၆၉၁၈၇၃၃ ဦး

သေဆုံးသူ
၄၅၁၁၃၀၂ ဦး

ပြန်လည်ကျန်းမာလာသူ
၁၉၃၈၄၉၅၈၉ ဦး

# မိုင်းထောင်ဖောက်ခွဲအကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်ခဲ့သူများအား လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် "လရိပ်ချို" တည်းခိုခန်း၌ ဖောက်ခွဲရေးသမားများ ရောက်ရှိနေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ **အောင်မင်းသူ(ခ) ကိုသူ၊ ဇင်မင်းကျော်၊ ဇင်မင်းကို** တို့အား ပစ္စတိုသေနတ် နှစ်လက်၊ ကျည်မျိုးစုံ ၃၈ တောင့်၊ ကျည်အိမ် သုံးခု တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၃ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အင်း၀ အိမ်ရာမှ **အောင်ကိုမင်း(ခ) လင်းညို၊ အောင်အောင်(ခ) အောင်ကြီးနှင့် နော်ခင်နှင်းဝေ(ခ) မှုံစီ** တို့ သုံးဦးအား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်ကိုမင်း(ခ) လင်းညို**၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ်မှ **စိုးပိုင်ကျော်** နှင့် **သန့်ဇင်ထွန်း (ခ)သန့်ဇင်** တို့အားလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ **တိုးတိုး(ခ) ထွန်းထွန်းဇော်** အား လက်လုပ်သေနတ် နှစ်လက်၊ ကျည်မျိုးစုံ အတောင့် ၅၀၊ ပွိုင့်-၂၂ ကျည်ခွံ ရှစ်ခု၊ အသံတိတ်ပြောင်း နှစ်ခု၊ သေနတ်ဒင် နှစ်ခု၊ လေသေနတ် ကျည်တောင့်၁၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

## ဖမ်းဆီးရမိ

ဆက်လက်၍ ဩဂုတ် ၂၄ ရက်တွင် ဆက်စပ်တရားခံ **ဆန်းမင်းပိုင်**အား မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာ ဘုရားအနီးတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ သာကေတမြို့နယ်၌ **ကိုကိုချစ်** အား ဖမ်းဆီးရမိခဲ့သည်။ ၎င်း၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက်၌ **အောင်ခန့်သွင်(ခ) ဂျိုးဇက်** အားလည်းကောင်း၊ (၇၀) ရပ်ကွက်၌ **ဇော်ထက်အောင်** အား လက်လုပ်မိုင်းမျိုးစုံ ရှစ်လုံး၊ ဒီတိုနေတာ တစ်ခု၊ သံဘောစေ့ နှစ်ထုပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဆန်းမင်းပိုင်**၏ ထွက်ဆိုချက်အရ သင်္ဃန်းကျွန်းမြို့နယ် ဇ၀နရပ်ကွက် စံပယ်ဖြူအိမ်ရာအား ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဆက်စပ်တရားခံများဖြစ်သော **ဘုန်းသူရခန့်၊ သန့်ဇင်အောင်၊ ထက်ပိုင်စိုး နှင့် ဝေယံထွန်း** တို့အား ဖမ်းဆီးရမိခဲ့ပြီး တရားခံ **ညီညီ** မှာ တိုက်အမိုးပေါ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ခြေချော်၍ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့သည်။ တရားခံများနှင့်အတူ CZECH REPUBLIC ပစ္စတိုသေနတ် တစ်လက်၊ Glock-19 ပစ္စတိုသေနတ် တစ်လက်၊ SIG SAUER ပစ္စတိုသေနတ် တစ်လက်၊ ၉ မမ ကျည် ၈၅ တောင့်၊ ပွိုင့်-၃၈ကျည် ၄၇ တောင့်၊ ကျည်အိမ် ငါးခု၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ လက်လုပ်မိုင်း သုံးလုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်ကိုမင်း(ခ) လင်းညို**၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၅ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှ **ဝင်းမင်းထွဋ်** အား ပြုလုပ်ဆဲ လက်လုပ်မိုင်း တစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

## ဖော်ထုတ်သိရှိရ

တရားခံများ၏ ထွက်ဆိုချက်အရ အောင်မင်းသူသည် ဧပြီလတွင် KNPP လက်နက်ကိုင်အဖွဲ့ထံ၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ သန့်ဇင်အောင်၊ ထက်ပိုင်စိုး၊ ဝေယံထွန်း၊ ဘုန်းသူရခန့်တို့သည် KNLA တပ်မဟာ(၃) ၌ လည်းကောင်း၊ သန့်ဇင်ထွန်းသည် KNLA တပ်မဟာ(၇)၌ ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် လက်လုပ်မိုင်းလေးကြိမ် ဖောက်ခွဲခဲ့ပြီး ဖောက်ခွဲမှုများအနေဖြင့် ဇွန် ၃ ရက်တွင် အောင်မင်းသူ၊ ဇင်မင်းကျော်နှင့် ဇင်မင်းကိုတို့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၇၉) ရပ်ကွက်ရှိ ရစဖမှူး ဦးစန်းဝင်း နေအိမ်ခေါင်မိုးပေါ်သို့ လက်လုပ်မိုင်း တစ်လုံးကိုလည်းကောင်း၊ ဇွန် ၁၉ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၄)ရပ်ကွက်ရှိ (A-94) လမ်းမပေါ်၌ လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၄)ရပ်ကွက် ရစဖရုံးရှေ့၌ လက်လုပ်မိုင်း တစ်လုံးကို လည်းကောင်း ဖောက်ခွဲခဲ့ကြောင်း သိရသည်။ ထို့ပြင် ဩဂုတ် ၈ ရက်တွင် ဆန်းမင်းပိုင်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၅၅) ရပ်ကွက် ဖူဆယ်ဘောလုံးကွင်း အနီး၌ ဆိုင်ကယ်တွင် လက်လုပ်မိုင်း တပ်ဆင်၍ ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် လုပ်ကြံပစ်ခတ်မှု ရှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး လုပ်ကြံမှုများ အနေဖြင့် ဇွန် ၂၈ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၇၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးစာရေး ဒေါ်မြတ်မြတ်ထွေးအား လုပ်ကြံသတ်ဖြတ်ရာတွင် ကိုကိုချစ်က ဆိုင်ကယ်မောင်း၍ ချစ်ကိုကို (ဖမ်းဆီးရန်ကျန်)က သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ဇူလိုင် ၆ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ဦးနှင့် ၎င်း၏ကားသမား ဦးအောင်လွင်တို့နှစ်ဦးအား လုပ်ကြံသတ်ဖြတ်ရာတွင် ဇင်မင်းကျော်က ဆိုင်ကယ်မောင်း၍ အောင်မင်းသူ(ခ)ကိုသူက သေနတ်ဖြင့် ခုနစ်ချက် ပစ်ခတ်ခဲ့ကြောင်း၊ ဇူလိုင် ၁၄ တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၃) ရပ်ကွက်မှ ဦးတင်ထွန်းအား လုပ်ကြံသတ်ဖြတ်ရာတွင် ဆန်းမင်းပိုင်က ဆိုင်ကယ်မောင်း၍ နိုင်နိုင် (ဖမ်းဆီးရန်ကျန်)က သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း၊ ဇူလိုင် ၂၈ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၄) ရပ်ကွက်မှ ရာအိမ်မှူး ဦးစောဦးအား လုပ်ကြံသတ်ဖြတ်ရာတွင် ဝေယံထွန်းက ဆိုင်ကယ်မောင်းနှင်ကာ သန့်ဇင်အောင်က သေနတ်ဖြင့် နှစ်ချက် ပစ်ခတ်ခဲ့ကြောင်း၊ ဩဂုတ် ၅ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား ပစ်ခတ်ခဲ့ရာတွင် တိုးတက်ဝင်းအောင် (ခ) တိုးကြီး (ဖမ်းဆီးရန်ကျန်)က ဆိုင်ကယ်မောင်း၍ ဝေယံထွန်းနှင့် ညီညီတို့က သေနတ်ဖြင့် ၁၂ ချက် ပစ်ခတ်ခဲ့ကြောင်း၊ ဩဂုတ် ၁၂ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၄)ရပ်ကွက်ရှိ ကျားကြီး လက်ဖက်ရည်ဆိုင်မှ လှမျိုးခိုင်တို့ ဇနီးမောင်နှံအား လုပ်ကြံသတ်ဖြတ်ရာတွင် ညီညီနှင့် သန့်ဇင်အောင်တို့က သေနတ်ဖြင့် ငါးချက်ပစ်ခတ်ခဲ့ကြောင်း၊ ဩဂုတ် ၁၇ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ရုံးအကူ ဦးဉာဏ်ထွန်းအား လုပ်ကြံသတ်ဖြတ်ရာတွင် ထက်ပိုင်စိုး၊ ဝေယံထွန်းနှင့် ညီညီတို့က သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း၊ ဩဂုတ် ၁၉ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၀)ရပ်ကွက် အောင်လံလမ်းရှိ ဒေါ်သီတာမောင်မောင်အား လုပ်ကြံသတ်ဖြတ်ရာတွင် ထက်ပိုင်စိုးနှင့် ညီညီတို့က သေနတ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သူ လင်းညိုအပါ တရားခံ ၁၉ ဦးအား ပစ္စတိုသေနတ် ခြောက်လက်၊ ကျည်အိမ် ရှစ်ခု၊ ၉ မမ ကျည် ၁၁၉ တောင့်၊ လက်လုပ် ဂက်စ်သေနတ် တစ်လက်၊ လက်လုပ်ပွိုင့် -၂၂ သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၉၇ တောင့်၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ လက်လုပ်မိုင်း ၁၂ လုံး၊ ဒီတိုနေတာ တစ်ခု၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

## သတင်းပေးတိုင်ကြားနိုင်

အဆိုပါ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်သူများနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဆောင်ရွက်နေသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် အခြားဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် PDF အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား



# အကြမ်းဖက်မှုများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူနှင့် ဖမ်းဆီးသူများအား ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ အကြမ်းဖက်အုပ်စုများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် ယင်းကအမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုနိုင်စေရန်အတွက် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်၊ ပြည်သူလူထုအား ကြောက်ရွံ့မှုများဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပါသည်။

၂။ အကြမ်းဖက်မှုများသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ၊ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

၃။ အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတို့နှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပါက အကြမ်းဖက်မှု ကျူးလွန်ရာရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်-

(က) အကြမ်းဖက်အုပ်စု တစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(ခ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ဝှက်ထားခြင်း၊

(ဂ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ရေးစီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရပါမည်။

၅။ အကြမ်းဖက်မှုများတိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးပါသဖြင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့်စပ်လျဉ်း၍ သိရှိထားသည့် သတင်းများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘွတ်တို့တွင် လုပ်ကြံဖန်တီးထားသော သတင်းမှားများထုတ်လွှင့်နေသူများကို သက်ဆိုင်ရာရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးရန် လိုအပ်ပါသည်။ သတင်းပေးသည့် တာဝန်သိပြည်သူများနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) သတင်းပေးသူသည် မိမိ၏အမည်၊ နေရပ်တို့ကို ဖော်ပြခြင်းမပြုဘဲ သတင်းပေးနိုင်ပါသည်၊

(ခ) သတင်းပေးသူအား အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး စစ်ဆေးမေးမြန်းခြင်း၊ သက်သေခံစေခြင်း လုံးဝ ပြုလုပ်မည် မဟုတ်ပါ၊

(ဂ) သတင်းပေးသူ၏ လုံခြုံမှု၊ ၎င်းနှင့် ဆက်စပ်ပတ်သက်သူများ၏ လုံခြုံမှုတို့ကို တာဝန်ယူပေးမည်ဖြစ်ပါသည်၊

(ဃ) သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုအပေါ်မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား ငွေပမာဏ ကန့်သတ်မထားဘဲ ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များမရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်သူများအနေဖြင့် အများပြည်သူ ထိခိုက်စေရန်အတွက် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် သာယာဝတီကျေးရွာရှိ အစိုးရနည်းပညာတက္ကသိုလ် "မြမဥ္ဇူ" အမျိုးသမီးအဆောင်အား လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ပေါက်ကွဲမှုကြောင့် "မြမဥ္ဇူ" အဆောင်၏ ပြတင်းတံခါးမှန် ငါးချပ်နှင့် အုတ်နံရံ တစ်ပေပတ်လည်ခန့် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် ၆၂ လမ်းနှင့် ၁၁၂ လမ်းထောင့်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စစ်ဆေးလျက်ရှိသည့် နယ်ကျော်စစ်ဆေးရေးဂိတ်အနီးတွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီး လမ်းပေါ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်၏ ရှေ့လေကာမှန်၊ နောက်ဝဲ/ယာလေကာမှန်တို့ ကွဲအက်ပျက်စီးခဲ့ကာ လူထိခိုက်မှုမရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတို့အားထိခိုက်စေရန် အကြမ်းဖက်လုပ်ဆောင်ခဲ့သူများနှင့် ဆက်စပ်နေသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ချမ်းမြသာစည်မြို့နယ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့၍ မော်တော်ယာဉ်တစ်စီးပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

## မောင်တောမြို့နယ်၌ ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်စစ်ဆေးရေးဂိတ်တွင် မောင်တောမှ ကြိမ်ချောင်းသို့ အောင်ကျော်လှိုင်(ခ)အောင်ကျော်(ခ)ဂေါက်ကြီး(၃၁)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မလှိုင်လှိုင်ဝေ(ခ)ရည်မွန်သန့်(ခ)မေလေး(၂၆)နှစ် လိုက်ပါလာသည့် နစ်ဆန်း ရှစ်ဘီး ဆီဘောက်ဆာယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားခဲ့သဖြင့် ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ ညနေ ၆ နာရီခန့်တွင် အဆိုပါနေရာနှင့် ခြောက်ဖာလုံခန့်အကွာ တောစပ်တွင် အောင်ကျော်လှိုင်(ခ)အောင်ကျော်(ခ)ဂေါက်ကြီးကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ်၏ ဆီသိုလှောင်ကန်ကို ဖွင့်ဖောက်စစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ် ၇ ဒသမ ၇၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၁၇



သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ဂရမ် ၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဖားကန့်နှင့် မြစ်ကြီးနားတို့၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မှော်ဆီဇာကျေးရွာအနီးတွင် ယောဘမောင်းနှင်ပြီး သိန်းဌေးဘို(ခ)ဌေးဘိုနှင့် နေမျိုးဝင်း(ခ)ဖားကြီးတို့ လိုက်ပါလာသည့် Kluger အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၉၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ မိနစ် ၄၀ တွင် အဆိုပါနေရာအနီး၌ပင် ဝင်းနိုင်ထွန်းနှင့် မငယ်ထွေးတို့ကို ဆိုင်ကယ်နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ကျောက်ဝိုင်းလမ်းမတွင် နော်နန် မောင်းနှင်လာသည့် Wish အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၀၉ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

ဆက်လက်ပြီး နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များကို အချို့သောမီဒီယာများ၊ အဖွဲ့အစည်းများ၏ မဟုတ်မမှန်ဆောင်ရွက်နေမှုများထဲမှ အချို့ကို ထုတ်နုတ်တင်ပြမည်ဖြစ်ပါကြောင်း၊ ပထမဖြစ်စဉ်အနေဖြင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ ဖြစ်စဉ်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် ဇွန် ၁၅ ရက်က လက်နက်ကိုင်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ထိုကျေးရွာတွင်ရှိသည့် အိမ်ခြေ ၂၂၅ လုံးအနက် အိမ်ခြေ ၁၀၀ ခန့် မီးလောင်ပျက်စီးမှုဖြစ်ခဲ့ပါကြောင်း၊ ဖြစ်စဉ်မှာ ဇွန် ၁၅ ရက်တွင် ပေါက်မြို့နယ်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးအဖွဲ့ဝင်များသည် နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီခန့်၊ ကင်းမကျေးရွာ ဆိုင်းဘုတ်အနီးအရောက်တွင် လက်နက်ကိုင်အကြမ်းဖက် လူတစ်စုက ၎င်းရွာတောင်ကုန်းပေါ်မှ လက်နက်ငယ်များ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာတွင် အကြမ်းဖက်သူများတောင်ကုန်းပေါ်မှ ဆုတ်ခွာသွားပါကြောင်း၊ ထိုတောင်ကုန်းပေါ်ကို အသေးစိတ်ရှာဖွေနေစဉ် နံနက် ၁၁ နာရီ မိနစ်၅၀ ခန့်တွင် တောင်ကုန်းအလယ်၌ ထပ်မံတိုက်ပွဲဖြစ်ပြီး ၁၂ နာရီခန့်တွင် နောက်တစ်ကြိမ် တိုက်ပွဲထပ်ဖြစ်ပါကြောင်း၊ ထိုတောင်ကုန်းပေါ်တွင် အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေး ဆက်လက်ပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသည့်အချိန်တွင် ကင်းမရွာအတွင်း မီးလောင်မှုဖြစ်ပွားနေခြင်းကို တွေ့ရပါကြောင်း။

## တစ်ဖက်သတ်စွပ်စွဲသည့် ကြေညာချက်များ

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထပ်မံရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ရွာအတွင်းဝင်ရောက်ကာ ကူညီမီးငြိမ်းသတ်ခဲ့ရပါကြောင်း၊ မီးလောင်ကျွမ်းဆဲနေအိမ် နှစ်လုံးအတွင်းမှ အသက် ၈၀ ကျော်အရွယ် အမျိုးသမီးကြီးနှစ်ဦးကို မီးလွတ်ရာသို့ ကယ်တင်နိုင်ခဲ့ပါကြောင်း၊ မီးလောင်မှုကို အသေးစိတ်စစ်ဆေးသည့်အခါတွင် အကြမ်းဖက်သမား ၄၀ ခန့်က ကင်းမရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည့် အကြမ်းဖက်အဖွဲ့အစည်းကို မထောက်ခံသည့် ရွာသားတစ်ဦး၏အိမ်ကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် စတင်မီးရှို့ဖျက်ဆီးရာမှ အခြားအိမ်များကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းကို သိရှိရပါကြောင်း၊ ထိုကိစ္စကို မြန်မာနိုင်ငံတွင် တရားမဝင်မီဒီယာအဖြစ် ကြေညာထားသည့် ခေတ်သစ်မီဒီယာကစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးသည်ဟု ရေးသားခဲ့ပါကြောင်း၊ CNN နှင့် Reuters ကဲ့သို့သတင်းဌာနများကလည်းရေးသားခဲ့ပါကြောင်း၊ ဖြစ်စဉ်အမှန်ကို အချိန်မီသတင်းထုတ်ပြန်ခြင်း၊ ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားတစ်ဦးနှင့် ၎င်းတို့ကို ထောက်ပံ့ကူညီပေးနေသူတစ်ဦး၏ ကိုယ်တိုင်ဝန်ခံပြောကြားချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခဲ့သော်လည်း အဖြစ်မှန်ကိုမစုံစမ်းဘဲ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့ကလည်း တစ်ဖက်သတ်စွပ်စွဲသည့် ကြေညာချက်များကို ထုတ်ပြန်ခဲ့ခြင်းကိုလည်း တွေ့ရှိရပါကြောင်း။

ဇွန် ၁၈ ရက်ကပြုလုပ်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကျင်းပချိန်၊ လုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေး ကျင်းပချိန်တို့နှင့် ချိန်ကိုက်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သတင်းထုတ်ပြန်ချက်များနှင့်ပတ်သက်ပြီး ပြောလိုပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ သံအမတ်ကြီးများ၊ တက်ရောက်လာသည့် နိုင်ငံတကာကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်သည့်အခါ ၎င်းတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများတွင် တရားဝင်အစိုးရ၏ထုတ်ပြန်ချက်များ၊ အာဘော်များ၊ ပြောဆိုချက်များကို ဂရုတစိုက်လေ့လာရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည့် သတင်းများနှင့်ပတ်သက်ပြီး သတင်းမှန်များ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထိုကြားထဲက အဖြစ်မှန်ကို စုံစမ်းခြင်းမရှိဘဲ လိုရာဆွဲ ထုတ်ပြန်နေခြင်းသည် မေးခွန်းထုတ်စရာပင်ဖြစ်ပါကြောင်း။



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## သက်သေအထောက်အထားများ

ထိုကိစ္စနှင့်ပတ်သက်ပြီး ဖြစ်စဉ်အမှန်သတင်းများ၊ ဒေသခံအချို့၏ ဖြစ်စဉ်အမှန်ပြောကြားချက်များကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မသမာသည့် သတင်းမီဒီယာများ၊ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ပြည်သူလူထုကို လမ်းမှားရောက်အောင် ပို့ဆောင်ပေးနေသည့် သံရုံးများ၏ ကြေညာချက်များသည် မည်သို့လုပ်ကြံဖန်တီးခဲ့ကြောင်း၊ မည်သူတို့၏ ပြောစကားအပေါ် အခြေခံပြီး နိုင်ငံတကာနှင့် ပြည်သူလူထုကို လိမ်လည်နေကြောင်း ဆက်လက်ပြီး မည်သို့လိမ်လည်နေသည်ကို ယနေ့တွင် သက်သေအထောက်အထားများနှင့် မိမိတင်ပြလိုပါကြောင်း။

ဩဂုတ် ၂ ရက်တွင် ကင်းမရွာ အကြမ်းဖက် PDF အဖွဲ့ဝင်နှင့် ကူညီအားပေးနေသူအချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်း ပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့သည် ကင်းမရွာဖြစ်စဉ်ကို အစ၊အဆုံးသိရှိပြီး ထဲထဲဝင်ဝင်ပတ်သက်ခဲ့သူများ ဖြစ်ပါကြောင်း၊ ၎င်းတို့ သုံးဦး၏ ဗီဒီယိုဖိုင်တွင် ၎င်းတို့၏ ဟန်ပန်အမူအရာများကို ကြည့်စေလိုပါကြောင်း၊ ၎င်းတို့သည် ၎င်းတို့လုပ်ခဲ့ခြင်းအတွက် ယခုအချိန်တွင် နောင်တရနေသူများဖြစ်ပြီး ဖြစ်ရပ်အမှန်ကို ပြည်သူလူထုကို ပြောပြချင်၊ သတိပေးချင်နေသည့် သူများ ဖြစ်ပါကြောင်း၊ ပထမဆုံးပြသလိုခြင်းသည် ကင်းမရွာဖြစ်စဉ်နှင့် ပတ်သက်ပြီး ထိုရွာ၏ ကျေးရွာသူတစ်ဦးဖြစ်သူ သူနာပြုတက္ကသိုလ် တတိယနှစ်ကျောင်းသူတစ်ဦးဖြစ်သည့် မသဉ္ဇာထွန်း၏ ပြောပြချက်ဖြစ်ပါကြောင်း၊ ဖြစ်စဉ်ကို မည်သို့ဖိအားပေးခြင်းများကြောင့် လိမ်လည်ပြောဆိုခဲ့ရခြင်းများ၊ သူမအသံနှင့် သတင်းဌာနများက ထုတ်လွှင့်ခဲ့ခြင်းများ၊ ဖြစ်စဉ်အမှန်က မည်သို့ဆိုခြင်း၊ သူမကိုယ်တိုင် လက်လုပ်မိုင်း လုပ်နေခြင်းများ၊ နောက်ဆုံးထိန်းသိမ်းခံရပြီးနောက်ပိုင်းအထိ မီဒီယာအချို့က သူမ၏ဖမ်းဆီးခံရသူအချို့ကို ပရဟိတသမားများအဖြစ် မဟုတ်မမှန်ထုတ်လွှင့်ခဲ့ခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် မသဉ္ဇာထွန်းပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ဆက်လက်၍ နောက်တစ်ဦးမှာ ကိုစည်သူလွင်ဖြစ်ပါကြောင်း၊ ၎င်းသည် ကင်းမရွာက မဟုတ်ဘဲ မတ္တရာကဖြစ်ပါကြောင်း၊ အကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းကြောင့် ရွာသားအချို့ ဒုက္ခရောက်ရပုံ၊ ရွာခံများက အကြမ်းဖက်သမားများကို ကြောက်ရွံ့နေရပုံများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ကိုစည်သူလွင်ဝန်ခံပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

အလားတူ နောက်တစ်ဦးမှာ မသဉ္ဇာထွန်း၊ ကိုစည်သူလွင်တို့နှင့်အတူ ထိန်းသိမ်းရမိခဲ့သူ၊ ကင်းမရွာ PDF အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကင်းမရွာသားကိုအောင်ချစ်ဖြိုး၏ ပြောပြချက်ဖြစ်ပါကြောင်း ပြောကြားပြီး ကိုအောင်ချစ်ဖြိုး ဝန်ခံပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ထိုဖြစ်စဉ်ဖြစ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့သည့် ကာယကံရှင်များ၏ ပြောပြချက်များကို လက်တွေ့သိမြင်ပြီး မိမိတို့နိုင်ငံ၏ ပြည်သူလူထုအပေါ် အမျိုးမျိုးသော သတင်းအမှားများ၊ အချက်အလက်အမှားများနှင့် မှိုင်းတိုက်ပြီး အချင်းချင်း စိတ်ဝမ်းကွဲပြားအောင်၊ နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် လုပ်ကြံဖန်တီးနေသည့် ပြည်ဖျက်မီဒီယာများ၊ နိုင်ငံခြားသံရုံးအချို့၏ လုပ်ဆောင်ချက်အပေါ် သတိရှိကြရန် ပြောကြားလိုပါကြောင်း။

## ဝန်ခံပြောကြားချက်

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို လိုက်လံရန်ပြုသတ်ဖြတ်နေခြင်းဖြစ်ပါကြောင်း၊ နောက်ကွယ်ကနေကြိုးကိုင်နေသူအများစုသည် NLD ပါတီဝင်အစွန်းရောက်များ ဖြစ်ပါကြောင်း၊ ဩဂုတ် ၃ ရက်က စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူးကို အကြမ်းဖက်သမားများက ဓားနှင့်ထိုးပြီးသတ်ဖြတ်ခဲ့ပါကြောင်း၊ ဩဂုတ် ၂၀ ရက်နေ့တွင် အဆိုပါတရားခံ သုံးဦးကို ဖမ်းမိပါကြောင်း၊ ၎င်းတို့ကို စေခိုင်းသူက ထိုရွာက NLD ပါတီအမာခံများဖြစ်သည့် ယခင်အုပ်ချုပ်ရေးမှူးဟောင်းနှင့် နောက်တစ်ဦးဖြစ်ပြီး ငွေ ငါးသိန်းပေးပြီး စေခိုင်းခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားပြီး ၎င်းဖြစ်စဉ်တွင်ပါဝင်သူ သန်းနိုင်စိုး၏ ဝန်ခံပြောကြားချက်ကို ပြသသည်။

နောက်ဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ၄၄ လမ်း တိုက်အမှတ် (၁၆) (၃)လွှာဖြစ်စဉ်ဖြစ်ပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနှင့် ထိုနေရာတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးအတွက် အသုံးပြုရန်ပစ္စည်းများ ဝှက်ထားကြောင်း သတင်းရသည့်အတွက် ဝင်ရောက်စစ်ဆေးခဲ့ပါကြောင်း၊ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်ပစ်ဗုံး ၁၆ လုံး၊ ယမ်းပျော့များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဝင်ရောက်စစ်ဆေးစဉ်တွင် ငါးဦးသည် တိုက်ခန်းပေါ်ကခုန်ချထွက်ပြေးကြသဖြင့် နှစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရခဲ့ပြီး တပ်မတော်ဆေးရုံတွင် ဆေးကုသပေးနေပါကြောင်း၊ ထုံးစံအတိုင်း ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီး သတင်းများ ချက်ချင်းထုတ်လွှင့်ကြပြီး လူငယ်များကို မြှောက်ပင့်ပေးရန်၊ လမ်းမှားထပ်ရောက်စေရန်အတွက် အာဇာနည်၊ သူရဲကောင်းဆိုသည့် အသုံးအနှုန်းများကိုပါ သုံးနှုန်းခဲ့ခြင်းကိုလည်း တွေ့ရပါကြောင်း၊ ၎င်းတို့ဘာတွေလုပ်ခဲ့ကြသည်၊ ထိုနေ့က ဖြစ်စဉ်အမှန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များ၊ ဖမ်းဆီးရမိသူနှစ်ဦး၏ ပြောပြချက်များကို သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ သတင်းထုတ်ပြန်ပြီးနောက်ပိုင်းတွင် ထိုအဖွဲ့ထဲက ထွက်ပြေးလွတ်မြောက်သွားသူ တစ်ယောက်ကို ပြည်ဖျက်မီဒီယာများကမေးမြန်းထားပြီး ဖြစ်ရပ်မှန်ကို ဖုံးကွယ်မှုများ၊ တိုက်ပေါ်ကခုန်ချပြီးသေဆုံးခဲ့သော အမျိုးသမီးတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မဖွယ်မရာလုပ်ခဲ့သကဲ့သို့ ပြောဆိုခဲ့မှုများကိုထုတ်လွှင့်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူတစ်ဦးဖြစ်သော မပိုးကျော့ကျော့ခန့်၏ ထပ်မံပြောကြားချက်ကို ပြသလိုကြောင်းပြောကြားပြီး မပိုးကျော့ကျော့ခန့်၏ ထွက်ဆိုပြောကြားချက်ဗီဒီယိုကို ပြသသည်။

## အမျိုးသမီးငယ်များ ပါဝင်နေကြ

ဆက်လက်၍ ယခုနောက်ပိုင်းတွင် အကြမ်းဖက်အဖွဲ့များ၊ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များကို ဖမ်းဆီးရမိသည့်အချိန်တွင် သတိထားစရာကောင်းသည့် အချက်မှာ ထိုအဖွဲ့တိုင်းလိုလိုနီးပါး အထူးသဖြင့် ရန်ကုန်ကဲ့သို့သော မြို့ကြီးများက အကြမ်းဖက်အဖွဲ့များတွင် အမျိုးသမီးငယ်များ ပါဝင်နေကြကြောင်း၊ ၎င်းတို့သည်အများအားဖြင့် အိမ်ထောင်မရှိသူ (အပျို) များလည်း ဖြစ်နေတတ်ကြောင်း၊ သို့သော်လည်း စစ်ဆေးတွေ့ရှိချက်များအရ လက်မထပ်ရသေးဘဲ (Living Together) ပုံစံမျိုးများလည်း ဖြစ်နေကြကြောင်း၊ အချို့လည်း ကိုယ်ဝန်ရှိနေခြင်းများကို တွေ့ရကြောင်း၊ အမျိုးသမီးများမှာ အမျိုးသားများထက် မခံချင်စိတ်ပိုများကြကြောင်း၊ မတရားဘူးဟု ၎င်းတို့ စိတ်ထဲယူဆလာလျှင် သနားစိတ်၊ မခံချင်စိတ်စသည့်စိတ်များကို မသမာသူနိုင်ငံရေးသမားများက အသုံးချနေခြင်းဖြစ်ကြောင်း။

ထို့အပြင် ဤလူငယ်၊ လူရွယ်များကို စစ်ဆေးကြည့်သည့်အချိန် မူးယစ်ဆေးသုံးစွဲမှုများနှင့် ပတ်သက်နေသည်ကိုလည်း တွေ့ရကြောင်း၊ မိဘပြည်သူများအနေဖြင့် သတိထားနိုင်ကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ထိုလူငယ်လေးများကိုကြည့်ပါက မသမာသည့်နိုင်ငံရေးသမားများ၊ ပြည်ဖျက်မီဒီယာများ၏ လှုံ့ဆော်မှုကြောင့် လမ်းမှားကိုရောက်ခဲ့ရသည့်သူများသာဖြစ်ကြောင်း၊ သား သမီးချင်း မစာနာဘဲ Online ပေါ်ကတစ်ဆင့်၊ မီဒီယာများမှတစ်ဆင့် လူငယ်များ၊ ရိုးသားသော ပြည်သူလူထုများကို နေ့စဉ်လမ်းမှားသို့ရောက်ရှိစေရေး သွေးထိုးလှုံ့ဆော်နေမှုများကို သတိရှိကြရန် ပြောလိုကြောင်း၊

စာမျက်နှာ ၁၇ သို့ ✻

❋ **စာမျက်နှာ ၁၆ မှ**

ဤကဲ့သို့ အခြေအနေမျိုးများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အနေဖြင့် NUG၊ CRPH နှင့် PDF အမည်ခံအဖွဲ့အစည်းများကို စစ်သင်တန်းပေးနေမှုများ၊ လက်နက်များ၊ ထောက်ပံ့နေမှုများကိုလည်း တွေ့ရကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန် ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ အကြမ်းဖက်သမားများ ခိုအောင်းနေသော နေအိမ်နှစ်လုံးကို လုံခြုံရေးအရ ဝင်ရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်အဖွဲ့ဝင် ရှစ်ဦး အသေဖမ်းမိပြီး ၎င်းတို့နှင့်အတူ သေနတ် ရှစ်လက်၊ လက်ပစ်ဗုံးအလုံး ၅၀ နှင့် လက်လုပ်မိုင်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုရှစ်ဦးထဲမှ နှစ်ဦးသည် KIA အဖွဲ့က ဗိုလ်အဆင့်ရှိ တူးဖိုးနှင့် ကိုရှိုင်းတို့ပါဝင်ပြီး အကြမ်းဖက်လုပ်ရပ်များကို ၎င်းတို့က ဦးဆောင်နေခြင်းဖြစ်ကြောင်း။


ဇွန် ၂၃ ရက်၌ မန္တလေး(PDF)အဖွဲ့ဝင် မိုးတိမ်နှင့် လေးဦးကို မန္တလေးသို့ လက်နက်များသယ်ယူစဉ် ဖမ်းမိခဲ့ကြောင်း၊ လက်နက်မျိုးစုံ ၁၁၄ လက်၊ ကျည်မျိုးစုံ ၁၀၀၀၀၀ တောင့်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံးနှင့် ဖောက်ခွဲရေးပစ္စည်းများပါဝင်ကြောင်း၊ ၎င်းတို့က KIA တွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ခဲ့ပြီး ဇွန် ၁၉ ရက်တွင် KIA အဖွဲ့ကပေးသည့် လက်နက်ခဲယမ်းနှင့် မိုင်းများကို ကချင်ပြည်နယ် မန်စီမြို့မှတစ်ဆင့် ငါးအိုး-သပိတ်ကျင်းလမ်းကြောင်းအတိုင်း မန္တလေးမြို့သို့ သယ်ဆောင်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အလားတူ ဩဂုတ် ၈ ရက်တွင်လည်း ဗုံးအလုံး ၈၀ နှင့် ဆက်စပ်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ဖမ်းမိခဲ့ကြောင်း၊ ဩဂုတ် ၄ ရက်တွင် KIA တပ်မဟာ(၈)၌ အကြမ်းဖက်သင်တန်းတက်နေသည့်သူများကို ထောက်ပံ့ပေးနေသော မိုးညှင်းမြို့နယ် NLD ပါတီဝင် သက်ထားနွေးကို KIA တပ်မဟာ (၈) ကို ထောက်ပံ့ပေးနေသည့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ကြောင်း။

၎င်း၏ထွက်ဆိုချက်များအရ ပါဝင်ပတ်သက်သူများသည် ဖော်ပြထားသည့်ဇယားအတိုင်းဖြစ်ကြောင်း၊ NLD ပါတီဝင်များဖြစ်ပြီး အကြမ်းဖက်အဖွဲ့အစည်း CRPH အဖွဲ့ဝင် ဖြူဖြူသင်း၊ NUG အဖွဲ့ဝင် တင်အေး၊ မင်းဆွေနိုင်၊ ကျော်စွာဝင်း၊ ကသာမြို့နယ် NLD ပါတီဝင် ကျော်စွာဝင်း၊ မိုးညှင်းမြို့နယ်က NLD ပါတီဝင်များပါဝင်ကြောင်း၊ PDFအမည်ခံ အကြမ်းဖက်သမားများ၊ မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်နေသည့် အကြမ်းဖက်အဖွဲ့များ၊ လူငယ်လူရွယ်များကို အချို့ EAO အဖွဲ့ထဲတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်စေရန်အတွက် လူစုခြင်း၊ စေလွှတ်ခြင်းများ ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးရမိတိုင်းတွင် ၎င်းတို့ကိုစေခိုင်းနေသူများ၊ ထောက်ပံ့နေသည့်သူများသည် NLD ပါတီဝင်များသာဖြစ်နေသည်ကိုတွေ့ရကြောင်း၊ အထောက်အထားများ၊ ဆက်စပ်မှုများကို Board ၌ စုံစုံလင်လင်ပြသထားကြောင်း။

**ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထား**

TNLA အနေဖြင့်လည်း နောင်ချိုမြို့နယ် နောင်စိုးလေးကျေးရွာအနီး PDF အကြမ်းဖက်များကို သင်တန်းပေးခြင်း၊ လက်နက်များ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ လက်နက်တပ်ဆင်ပေးပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိ လက်နက်များ၊ သင်တန်းကျောင်းနေရာဓာတ်ပုံများ ကို သင်ပုန်းတွင်ပြသထားကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲ၌လည်း အားလုံး မဟုတ်ဘဲ အဖွဲ့အစည်းထဲက တပ်မဟာအချို့သာ ထိုကဲ့သို့ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ဥပမာအားဖြင့် KIA တွင် တပ်မဟာ (၃)နှင့် တပ်မဟာ (၈) တို့က ဆောင်ရွက်နေကြောင်း၊ KNU တွင် တပ် မဟာ (၅) က ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်ကို အမြဲဦးတည်ဆောင်ရွက် လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထား ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တွင်လည်း **“ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဟု ချမှတ်ထားကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့်လည်း ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်၌ ကျင်းပခဲ့သော NCA (၃)နှစ်ပြည့်အခမ်းအနားမှာကတည်းက ငြိမ်းချမ်းရေးဆွေးနွေးရာ၌ **“ငြိမ်းချမ်းရေးထက် အရေးကြီးတာ ဘာမှမရှိဘူး။ ငြိမ်းချမ်းရေးကိုလိုလားရင် ငြိမ်းချမ်းရေးကိုလိုလားတဲ့အပြုအမူမျိုးတွေရှိဖို့ လိုတယ် ”** ဟု ပြောကြားခဲ့ကြောင်း၊ EAO များအနေဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသည်ဖြစ်စေ၊ လက်မှတ်ရေးထိုးမထားသည်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူလူထုကသွားနေသော ပါတီစုံဒီမိုကရေစီစနစ်တွင် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနှင့် အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။




ဇွန် ၂၃ ရက်က သပိတ်ကျင်းမြို့နယ်၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

PDFအမည်ခံ အကြမ်းဖက်သမားများကိုလက်နက်ထောက်ပံ့နေမှု၊ အကြမ်းဖက်သင်တန်းများပေးနေမှု၊ EAO အဖွဲ့ထဲတွင် တာဝန်ထမ်းဆောင်ခိုင်းနေမှု၊ တာဝန်မထမ်းဆောင်ချင်၍ ထွက်ပြေးနေသူများကို ဖမ်းဆီးနှိပ်စက်နေမှုများ၊ ၎င်းတို့ လှုပ်ရှားနေသောနယ်မြေအတွင်း၌ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေမှုများသည် ငြိမ်းချမ်းရေးနှင့် လုံးဝမအပ်စပ်သည့် လုပ်ငန်းများသာ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးလွှမ်းခြုံမှသာ လွတ်လပ်တရားမျှတသောရွေးကောက်ပွဲဆိုသည့် အဓိပ္ပာယ်ပြည့်စုံမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှုသည် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဆိုသည့် ပုံရိပ်ကို ထိခိုက်စေနိုင်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် အကြမ်းဖက်သမားများကို အားပေးနေသည့်လုပ်ရပ်များ မလုပ်ကြရန် သတိပေးလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသောပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုလည်း မြင့်တက်လာခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုများ၊ လက်နက်ခဲယမ်းနှင့် အကြမ်းဖက်ပစ္စည်းများ ဖမ်းဆီးဖော်ထုတ်ရရှိမှုများ အများအပြားရှိခဲ့ကြောင်း၊ ဩဂုတ်လ လဆန်းပိုင်းနှင့် လလယ်ပိုင်းတွင် NLD ပါတီ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ဇေယျာသော်နှင့် မြတ်မင်းသူတို့၏စေခိုင်းမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များကျူးလွန်ခဲ့သော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ သဃ်န်းကျွန်းမှ သုံးဦး၊ စမ်းချောင်းမှခြောက်ဦး၊ လှိုင်သာယာမှ ၁၁ ဦး၊ ဒဂုံဆိပ်ကမ်းမှ ခုနစ်ဦး၊ ထန်းတပင်မှ ငါးဦး၊ ကွမ်းခြံကုန်းမှခြောက်ဦး စုစုပေါင်း ၃၈ ဦးကို သေနတ် ငါးလက်၊ ကျည်မျိုးစုံ ၃၀၉ တောင့်၊ ပြုလုပ်ဆဲလက်လုပ်သေနတ် ၂၅ လက်၊ လက်ပစ်ဗုံး သုံးလုံး၊ လက်လုပ်မိုင်း ၈၁ လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးထွက်ဆိုချက်များအရ ၎င်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူများနှင့်သက်ဆိုင်သည့်နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှု ၁၇ ကြိမ် ပြုလုပ်ခဲ့သူများဖြစ်ကြောင်း၊ ၎င်းတို့၏ဆက်စပ်မှု၊ ပြစ်မှုကျူးလွန်ခဲ့သူများကို Board တွင် ပြသထားကြောင်း။

အလားတူ ယခု ဩဂုတ်လ စတုတ္ထပတ်အတွင်းတွင်လည်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် လရိပ်ချိုတည်းခိုခန်းမှ ဖမ်းဆီးရမိခဲ့သော အကြမ်းဖက်သမားများနှင့်ပတ်သက်ပြီး အကြမ်းဖက်သမား ၂၂ ဦးကို ဖမ်းဆီးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ၎င်းတို့နှင့်အတူ သေနတ် ရှစ်လက်၊ ကျည်မျိုးစုံ ၂၀၀ ကျော်၊ မိုင်းများ၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် WY စိတ်ကြွဆေးပြားအချို့ ဖမ်းမိခဲ့ကြောင်း၊ ၎င်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများပြည်သူများနှင့်သက်ဆိုင်သော နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှု လေးကြိမ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အပြစ်မဲ့ပြည်သူများကို ပစ်ခတ်လုပ်ကြံမှု ရှစ်ကြိမ် ကျူးလွန်ခဲ့သူများဖြစ်ကြောင်း၊ ထိုအဖွဲ့နှစ်ဖွဲ့၏ သတင်းအပြည့်အစုံကို မကြာခင် မိမိတို့ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုင်းပေါက်ကွဲမှု ၆၁၉ ကြိမ်ရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၁၁ ကြိမ်နှင့် တရားခံ ၃၂၂ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများသေဆုံးမှုအနေနှင့် ၈၄ ဦးရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၇ ကြိမ်နှင့် တရားခံ ၅၉ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်နက်/ခဲယမ်း ဖော်ထုတ် ဖမ်းဆီးရရှိမှုအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပင် ၁၁၆ ကြိမ်၊ တရားခံ ၁၉၉ ဦးနှင့် လက်နက်မျိုးစုံ ၅၈ လက်၊ ခဲယမ်းမျိုးစုံ ၂၉၇၅ တောင့်၊ ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း မိုင်းပေါက်ကွဲမှု ၄၆၇ ကြိမ်ရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၁၆ ကြိမ်နှင့် တရားခံ ၇၄ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှု ၁၂၆ ဦးရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၅ ကြိမ်နှင့် တရားခံ ၆၈ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်နက်/ ခဲယမ်းဖော်ထုတ်ဖမ်းဆီးရရှိမှုအနေနှင့် ၁၁၈ ကြိမ်၊ တရားခံ ၁၅၆ ဦးနှင့် လက်နက်မျိုးစုံ ၉၃၈ လက်၊ ခဲယမ်းမျိုးစုံ ၃၄၃၅၁ တောင့်၊ ဖောက်ခွဲရေးနှင့်ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း။

နိုင်ငံ၏နေရာအနည်းစုတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများ ရှိနေဆဲဖြစ်သော်လည်း ယခင်ကထက်စာလျှင် များစွာလျော့ကျသွားပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကျင့်သုံးရန်ဆောင်ရွက်နေသည့်နိုင်ငံဖြစ်ကြောင်း၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ကြောင်း၊ မိမိတို့၏ ယခုလမ်းကြောင်းသည် မည်သည့်အခါမျှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ ဒီမိုကရေစီစနစ်အပေါ်၌ လိမ်လည်မသမာမှုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့်သာ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန် ရယူခဲ့ရခြင်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ထပ်မံကျင်းပပေးရန်လည်း အာမခံပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)၊ တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော အကြမ်းဖက်များကိုသာ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသည်ကို အသိပေးလိုပါကြောင်း။

**တိုင်းပြည်စီးပွားရေး**

ကိုဗစ်ကာလအတွင်း ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် စီးပွားရေးလုပ်ငန်းများ တုံ့နှေးခြင်း၊ ကျဆင်းခြင်းများဖြစ်နေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အတွက် ထိုကဏ္ဍများ တိုးတက်လာစေရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာတွင် ကိုဗစ်ကာလအတွင်း အခြားစီးပွားရေးကဏ္ဍများ၊ ဝယ်လိုအားများ ကျဆင်းသည်မှန်သော်လည်း လူများ၏ နေ့စဉ်အခြေခံစားရေးလိုအပ်ချက်မှာ မကျဆင်းကြောင်း၊ စား၊ ရေ၊ ရိက္ခာ လိုအပ်ချက်က ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ပြီး ပြည်တွင်း စား၊ ရေ၊ ရိက္ခာဖူလုံရေးမှသည် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထိုအတွက်လည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်စီးပွားရေးကို ဦးမော့လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မကောင်းမြင်သော စဉ်းစားတွေးခေါ်မှုပုံစံများ

သန်းဇော်

**(ယမန်နေ့မှ အဆက်)**

**၂။ စိတ်ပျံ့လွင့်ခြင်း**

"သင်ထိုင်နေစဉ်၊ သင်၏လက်ထဲတွင် ဤစာအုပ် သို့မဟုတ် သင်၏ e-reader ကို ကိုင်ထားစဉ် သင်ဖတ်နေသောအကြောင်းအရာကို စဉ်းစားနေပါသလား။ သင်သည် တစ်စုံတစ်ရာကို စဉ်းစားနေလျှင် သင်၏အတွေးများသည် သာယာနှစ်လိုဖွယ် ဖြစ်နေလား၊ မနှစ်မြို့ဖွယ်ဖြစ်နေလား သို့မဟုတ် ၎င်းတို့နှစ်ခုကြား မျှခြေဖြစ်နေသလား။ ပြီးတော့ သင်ယခုဘယ်လောက်ပျော်ရွှင်နေပါသလဲ။"

ဟားဗတ်တက္ကသိုလ်မှ စိတ်ပညာရှင် Matthew Killingsworth နှင့် Daniel Gilbert တို့သည် **"သင်၏ ပျော်ရွှင်မှုကို ခြေရာခံခြင်း" (track your happiness)** iPhone app ဆော့ဝဲလ်အပလီကေးရှင်းတစ်ခုကို အသုံးပြုပြီး လူထောင်ပေါင်းများစွာကို မေးခွန်းများမေးမြန်းခဲ့ပါသည်။ တစ်နေ့တာလုံးရှိ အမှတ်တမဲ့အချိန်များတွင် ဖုန်း၌ ထည့်သွင်းထားသော အပလီကေးရှင်းက လူများကို "သူတို့သည်ဘာအကြောင်းတွေကိုလုပ်ဆောင်နေသလဲ၊ သူတို့၏စိတ်သည် ဘာတွေပြုလုပ်နေသလဲ၊ သူတို့ဘယ်လောက်ပျော်ရွှင်နေသလဲ" စသည့် တူညီသောမေးခွန်းများ မေးမြန်းပြီး တုံ့ပြန်ရန် လူတွေကို လှုံ့ဆော်ပေးပါသည်။

အချက်အလက်များ ထွက်ပေါ်လာသည်နှင့်အမျှ ကျွန်ုပ်တို့သည် နေ့တစ်နေ့၏တစ်ဝက်ခန့်ကို ကျွန်ုပ်တို့ဘာလုပ်နေသည်ဆိုသည်ထက် တစ်စုံတစ်ရာအကြောင်း စဉ်းစားရာတွင် အသုံးပြုနေကြောင်း Killingsworth နှင့် Gilbert တို့က ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဤအရာသည် လက်ထဲတွင် မည်သည့်လုပ်ဆောင်မှုမှ မရှိသလောက်နီးပါး မှန်ကန်နေပါသည်။ လိင်ဆက်ဆံခြင်း၊ အပြန်အလှန်စကားပြောဆိုခြင်း သို့မဟုတ် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့သည် စိတ်ပျံ့လွင့်မှု အနည်းဆုံးဖြစ်စေသော လုပ်ဆောင်မှုများဖြစ်သော်လည်း ဤလုပ်ဆောင်မှုများသည်ပင် စိတ်ပျံ့လွင့်မှုဖြစ်ပွားသည့်ရာခိုင်နှုန်း ၃၀ ရာခိုင်နှုန်းရှိပါသည်။ **"လူ၏စိတ်သည် ပျံ့လွင့်နေသော စိတ်တစ်ခုဖြစ်သည်" (The human mind is a wandering mind)** ဟု ၎င်းတို့က ကောက်ချက်ချခဲ့ပါသည်။

"လူသား"ကို အလေးအနက်ထားကြည့်ရှုရာ၌ ယခုဖြစ်ပျက်တာမဟုတ်သော တစ်စုံတစ်ရာအကြောင်းကို စဉ်းစားတွေးတောရာတွင် ကျွန်ုပ်တို့၏စွမ်းရည်သည် တိရစ္ဆာန်များကြားတွင် ပြိုင်ဘက်မရှိ တစ်ဦးတည်းဖြစ်နေသည်ကို ဂရုပြုမိပါသည်။ လူတို့သည် မိမိတို့ဘာလုပ်နေသည်ကို သေချာစွာမစဉ်းစားဘဲ လုပ်ဆောင်သောအခါ ၎င်းတို့အတွက် အာရုံစူးစိုက်၍ စိတ်နှစ်ပြီး လုပ်ဆောင်ခြင်းတို့လောက် ပျော်ရွှင်မှုမရှိ ဖြစ်သွားသည်ကို iPhone ၏ စိတ်ပျံ့လွင့်မှုလေ့လာမှုက ဖော်ပြခဲ့ပါသည်။

**"ပျံ့လွင့်နေသောစိတ်သည် မပျော်ရွှင်သည့်စိတ်ဖြစ်သည်" (A wandering mind is an unhappy mind)** ဟု Killingsworth နှင့် Gilbert တို့က သတိပြုမိခဲ့ပါသည်။ အထူးသဖြင့် **မကောင်းမြင်သည့် စိတ်ပျံ့လွင့်မှုများ (negative mind wandering)** (အဆိုးမြင်သော အတွေးများကို စဉ်းစားတွေးတောခြင်း သို့မဟုတ် အခြားတစ်နေရာရာတွင် သင်ရှိနေချင်သည့်ဆန္ဒရှိခြင်း) သည် နောင်လာမည့်အချိန်များတွင် ပျော်ရွှင်မှုမရှိသည့်ဖြစ်နိုင်ခြေ ပိုမိုများပါသည်။ ထိုအချက်ကို အံ့ဩစရာမလိုပါ။ (သင်ရဲ့စိတ် မည်မျှပျံ့လွင့်နေသည်ကို တိုင်းတာရန် https://www.trackyourhappiness.org. အပလီကေးရှင်းကို download ထည့်သွင်းနိုင်ပါတယ်။)

သူတို့သည် သူတို့၏ဘဝတွင် ဘယ်လောက်များများ စိတ်ဖိစီးမှုများရှိပါစေ ဂရုမစိုက်ပါ။ သင်သည် အခြားတစ်နေရာရာတွင် ရှိနေချင်သည့်စိတ်ကူးများရှိနေလျှင် ၎င်းသည် သတိပြုမိရန်ကောင်းသောအလေ့အကျင့် ဖြစ်ပါသည်။ ထိုအတွေးသည် မပျော်ရွှင်မှုကို ဖန်တီးပေးသော ကိုယ်တွင်းပဋိပက္ခတစ်ခုဖြစ်ပြီး မကောင်းမြင်သော စိတ်ပျံ့လွင့်မှု၏ ဤပုံစံသည် **သတိရှိသောအခြေအနေ၏ ပကတိဆန့်ကျင်ဘက်**ဖြစ်ပါသည်။

**အလုပ်များစွာကို တစ်ပြိုင်တည်းလုပ်ဆောင်ခြင်း (multitasking)** ဖြင့် သင်၏အာရုံစူးစိုက်မှုကို ပိုင်းခြားခြင်းသည် သင်သတိမပြုမိလျှင်တောင်မှ အန္တရာယ်ရှိသည့် စိတ်ဖိစီးမှုကို ဖြစ်ပေါ်စေနိုင်သည့် အဆင့်နိမ့်သော အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အချိန်တော်တော်ကြာ သဘာဝအလျောက် စိတ်ပျံ့လွင့်နေပြီး အချို့သော စိတ်ပျံ့လွင့်ခြင်းအမျိုးအစားများသည် တီထွင်ဖန်တီးနိုင်ပါသည်။ ဒါပေမဲ့ အတိတ်အကြောင်းနဲ့ပတ်သက်ပြီး မကောင်းသောအတွေးများကို သင်စဉ်းစားနေသောအခါ သင်သည် ပျော်ရွှင်မှုမရှိသည့်ဖြစ်နိုင်ခြေ ပိုမိုများပြီး ငြိမ်သက်နေသည့် စိတ်ဖိစီးမှုဟော်မုန်းများသည် ပိုမိုများပြားစွာ ထွက်လာသည်ကို သင်တွေ့ကြုံခံစားရနိုင်ပါသည်။ မကောင်းမြင်သည့် စိတ်ပျံ့လွင့်မှုသည် မမြင်ရသောပဋိပက္ခ (strife) ၏အရင်းအမြစ်တစ်ခု ဖြစ်နိုင်ကြောင်း ပို၍ပို၍သိသာထင်ရှားလာပါသည်။

**တစ်ချိန်တွင် အကြောင်းအရာတစ်ခုကို လုပ်ဆောင်ခြင်း**

ယနေ့ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ကန့်သတ်ထားသော အာရုံစူးစိုက်မှုအပေါ် ဖိအားများရှိနေပြီး အလုပ်များစွာကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်း လုပ်ရန်၊ အီးမေးလ်စစ်ရန်၊ ကျွန်ုပ်တို့၏ အချိန်ကို အကျိုးရှိစွာအသုံးချရန် လိုလားပါသည်။ **အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းသည် အကြောင်းအရာတစ်ခုကိုပြုလုပ်ရန်၊ ၎င်းအကြောင်းအရာပေါ်တွင် အပြည့်အဝအာရုံစိုက်ရန် ဖြစ်ပါသည်။** ဤတစ်ချိန်တွင် အကြောင်းအရာတစ်ခုကိုလုပ်ခြင်း (unitasking) ကို တစ်ခါတစ်ရံတွင် **စီးဆင်းမှု (flow)** ဟုခေါ်ဆိုပြီး အချိန်များကို ကုန်လွန်ရန်အတွက် စိတ်ကျေနပ်စရာ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို တင်းတိမ်ရောင့်ရဲစေရန် ခွင့်ပြုပေးပါသည်။ တစ်ခါတစ်ရံတွင် **အလုပ်များစွာကို တစ်ပြိုင်တည်းလုပ်ခြင်း (multitasking)** နှင့်အတူ တင်းကျပ်သည့်အချိန်ဇယားများကို ရှောင်ရှား၍ မရပါ။ သို့ရာတွင် ဘာပဲလုပ်နေပါစေ ထိုအလုပ်သည် စီးဆင်းမှု (flow) ပုံစံဖြင့် လုပ်သည်ဖြစ်စေ၊ အလျင်အမြန် ကူးပြောင်းလုပ်ဆောင်မှုများဖြင့် လုပ်ဆောင်နေသည်ဖြစ်စေ၊ အခြားသော စိတ်အနှောင့်အယှက်များကို ဖယ်ရှားရန် ကြိုးစားနိုင်ပြီး အနည်းဆုံးအလုပ်အပေါ် အာရုံစိုက်မှုသည် တစ်နေ့တာလုံး အပြည့်အဝရှိနေနိုင်ပါတယ်။ (Unitasking သည် negative thoughts များ မဝင်စေရန်အတွက် အလုပ်ထဲတွင် အချိန်ကို စီးဆင်းကုန်ဆုံးစေရန် ဖြစ်ပါသည်။)

**၃။ ထပ်ကာထပ်ကာ ပြန်ပြောင်းတွေးတောခြင်း**

Rumination ဆိုသည်မှာ သင်၏ တစ်စုံတစ်ရာ (ပုံမှန်အားဖြင့် ပြဿနာတစ်ခု သို့မဟုတ် အခြေအနေတစ်ခု) အကြောင်းကို အမြဲမပြတ်ထပ်ကာထပ်ကာ ပြန်လည်တွေးတောနေသည့် အပြုအမူဖြစ်ပါသည်။ Psychology-today.com တွင် ဖော်ပြချက်အရ Rumination သည် **စိုးရိမ်သောကနှင့် စိတ်ဓာတ်ကျရောဂါ**တို့အကြား ဆင်တူမှုများအနက်မှ တစ်ခုဖြစ်ပါသည်။ Merriam-Webster dictionary အရ rumination ကို "ပုံမှန်စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုကို အနှောင့်အယှက်ဖြစ်စေသောအခါ အထူးသဖြင့် စိတ်ကူး၊ အခြေအနေ သို့မဟုတ် ရွေးချယ်မှုတစ်ခုအကြောင်းကို အစွဲအလမ်းကြီးသော စဉ်းစားတွေးတောခြင်း" ဟု သတ်မှတ်ထားပါသည်။

၎င်းသည် ဆွဲဆောင်မှုရှိပြီး ထပ်ကာထပ်ကာတွေးတောခြင်း၏ အချက်ပေးသံမှုပုံစံမှာ ဤကဲ့သို့သော တစ်စုံတစ်ရာအသံဖြစ်ပါသည် -

- (က) သင်သည် အကြောင်းအရာများကို အချိန်ယူစဉ်းစားနေလျှင်၊
- (ခ) မဖြေရှင်းနိုင်သော ပြဿနာတစ်ခုအကြောင်းကို သင်က ပိုမိုစဉ်းစားနေလျှင် သို့မဟုတ်
- (ဂ) မကောင်းသည့်အရာက သင့်ထံ၌ အဘယ်ကြောင့်ဖြစ်ခဲ့တာလဲလို့ စဉ်းစားခဲ့လျှင်၊

သင်သည် အသိဉာဏ်တိုးတက်မှု (cognitive breakthrough) တစ်ခုခု ရရှိလိမ့်မည်။ သင်သည် ပြဿနာများကို ဖြေရှင်းလိမ့်မည်ဖြစ်ပြီး စိတ်သက်သာရာ ရှာတွေ့လိမ့်မည်။

ဒါပေမဲ့ **ထပ်ကာထပ်ကာ တွေးတောခြင်းသည် ပြဿနာဖြေရှင်းသည့်လုပ်ရပ်နှင့်သာ ဆင်တူမည်။**

**စာမျက်နှာ ၁၉ သို့** ❍

## မကောင်းမြင်သော စဉ်းစားတွေးခေါ်မှု ပုံစံများ

## Negative styles of thought



❍ စာမျက်နှာ ၁၈ မှ

ထပ်ကာထပ်ကာ ပြန်ပြောင်းတွေးတောသည့်စိတ်၌ ငြိတွယ်နေခြင်းသည် ပို၍ပို၍မကောင်းမြင်သော၊ မိမိကိုယ်ကို ဝေဖန်/ အပြစ်မြင်သော အတွေးများမှ တစ်ဆင့် သင့်ကိုနာကျင်စေသော ဝဲကတော့ (whirlpool) တစ်ခုထဲသို့ စုပ်ယူခံရခြင်းနှင့် ပိုမိုတူပါသည်။

လူများသည် စိတ်ခါတ်ကျသောအခါ ထပ်ကာတလဲလဲ ပြန်ပြောင်းတွေးတောသည့် အတွေးသံသရာထဲ၌ ကျွန်ုပ်တို့သည် ပိတ်မိရန်ဖြစ်နိုင်ခြေ ပိုမိုများပါသည်။ အကြောင်းရင်းမှာ ၎င်းတို့၏ လက်ရှိရပ်တည်မှုအပေါ် လုံလောက်စွာ အားရမှုမရှိခြင်း သို့မဟုတ် မိမိကိုယ်မိမိ အသုံးမကျခြင်းဟု ခံယူမိသောအခါမျိုးတွင် ဖြစ်ပါသည်။ ဤအတွေးသံသရာသည် ဝမ်းနည်းစိတ်၊ ရှက်စိတ် သို့မဟုတ် ဒေါသစိတ် စသောခံစားချက်များကို ပိုမိုဆိုးရွားစေပြီး အားနည်းချက်ကို ကြိမ်ဖန်များစွာ စဉ်းစား၍ ဖြစ်ပေါ်လာသော ခံစားချက်များသည် လူ၏စိုးရိမ်ပူပန်စိတ်ကို မြင့်တက်စေပါသည်။ ထိုစိုးရိမ်ပူပန်စိတ်သည် ပြဿနာများကို ဖြေရှင်းရာတွင်လည်း အနှောင့်အယှက်ဖြစ်စေပြီး ထို့နောက် စိတ်ခါတ်ကျမှုသည် ပို၍ပို၍နက်ရှိုင်းကြီးမားလာပါတယ်။

ထို့ကြောင့် သင်သည် ထပ်တလဲလဲ စဉ်းစားသောအခါ သင်သည် ပြဿနာများကို ဖြေရှင်းရာတွင် အမှန်တကယ် ထိရောက်မှုနည်းပြီး များစွာခံစားရကာ ပိုမိုဆိုးရွားစေပါသည်။ ထပ်ကာထပ်ကာ စဉ်းစားသောသူများသည် မျိုးဗီဇအလျား တိုတောင်းမှုဆက်နွှယ်နေသည့် စိတ်ခါတ်ကျရောဂါနှင့် စိုးရိမ်သောကများကို ပိုမိုခံစားရပါသည်။

**၄။ အတွေးကို ကန့်သတ်ချုပ်တည်းခြင်း**

ကျွန်ုပ်တို့ဖော်ပြမည့် နောက်ဆုံး အန္တရာယ်ရှိသော အတွေးပုံစံကတကယ့်ကို **ဆန့်ကျင်အတွေးပုံစံတစ်မျိုး** ဖြစ်ပါသည်။ ၎င်းသည် အတွေးကို ကန့်သတ်ချုပ်တည်းခြင်းဟု ခေါ်ဆိုသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အလိုမရှိသော အတွေးများနှင့် ခံစားမှုများကို တွန်းဖယ်ရန် ကြိုးစားခြင်းဖြစ်ပါသည်။ (Psycho-analysis တွင် "လက်မခံနိုင်သော မှတ်မိခြင်းများ၊ ရုတ်တရက်ဖြစ်ပေါ်သော စိတ်ဆန္ဒများ/ စေ့ဆော်မှုများ သို့မဟုတ် လိုအင်ဆန္ဒများကို သတိဖြင့်တားမြစ်ခြင်း" ဟု အဓိပ္ပာယ်ရပါသည်။)

အတွေးတစ်ခုကို ကန့်သတ်ချုပ်တည်းခြင်းသည် သင်၏စိတ်အတွက် ခက်ခဲသောအလုပ်ဖြစ်ပါသည်။ ၎င်းသည် တားမြစ်ထားသော အကြောင်းအရာအတွက် သင်၏စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုကို အမြဲမပြတ်စောင့်ကြည့်နေရပါမည်။ ဤနေရာတစ်ဝိုက်တွင် ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင် ရှိပါသလား။ ဦးနှောက်သည် ထိုစောင့်ကြည့်မှုအလုပ်ကို မထိန်းသိမ်းနိုင်ပါ။ ၎င်းသည် ဦးနှောက်ကို ပင်ပန်းစေပါသည်။

**အထင်နှင့်အမြင် တခြားစီဖြစ်သော မှားယွင်းမှု (ironic error) ဆိုသည်မှာ စဉ်းစားဆင်ခြင်နိုင်စွမ်းတစ်ခု ဖြစ်ပါသည်။** "ဆေးလိပ်ဖြတ်ရန် ကြိုးစားနေသော ဆေးလိပ်သောက်သူများသည် စီးကရက်အကြောင်းကို အမြဲတစေ စဉ်းစားလိမ့်မည်"၊ "အစားလျှော့စားရန် ကြိုးစားနေသူများသည် အစားအသောက်အကြောင်း မစဉ်းစားမိရန် အပြင်းအထန် ကြိုးစားနေချိန်တွင် ခရင်မ်အပြည့်ဖြင့် သောက်ချင်စရာ ကော်ဖီတစ်ခွက် Frappuccinos (Starbucks ကော်ပီရေးရှင်းမှ ထုတ်လုပ်သောအချိုနှင့် ကော်ဖီ/ cream အခြေခံပြီး ရောမွှေထားသည့် ကော်ဖီပုလင်း ကုန်အမှတ်တံဆိပ်)၏ပုံကို တွေ့လိုက်ရခြင်းသည် ၎င်းတို့အတွက် နှိပ်စက်ခြင်းသကဲ့သို့ ခံစားရနိုင်ပါသည်" ဟုဆိုသော စဉ်းစားဆင်ခြင်နိုင်စွမ်း (reason) တစ်ခု ဖြစ်ပါသည်။

အထင်နှင့်အမြင် တခြားစီဖြစ်သော မှားယွင်းမှုသည် မျိုးဗီဇများကို အန္တရာယ်ရှိစေနိုင်ပြီး ကာလကြာရှည်သော စိတ်ဖိစီးမှုသည် မျိုးဗီဇများ၏အလျားကို တိုစေနိုင်သည်ကို ကျွန်ုပ်တို့သိရှိပြီးဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်ုပ်တို့သည် မသိစိတ်ရဲ့ အနက်ရှိုင်းဆုံးနေရာသို့ မကောင်းသောအတွေးများကို နှစ်မြုပ်စေခြင်းအားဖြင့် စိတ်ဖိစီးနေသောအတွေးများကိုစီမံရန် ကျွန်ုပ်တို့ ကြိုးစားခဲ့လျှင် ၎င်းသည် ရလဒ်ပြောင်းပြန်ထွက်နိုင်ပါသည်။

**ကာလကြာရှည်စွာ စိတ်ဖိစီးခဲ့သော ဦးနှောက်၏ အရင်းအမြစ်များသည် အသိဉာဏ်ဆိုင်ရာ ဝန်ပိ**နေခဲ့ပြီး အတွေးများကို အောင်မြင်စွာချုပ်ချယ်တားမြစ်ရန် ပို၍ခက်ခဲစေပါသည်။ အတိုချုပ်ဆိုပါက အတွေးများကို ကန့်သတ်ချုပ်တည်းထားခြင်းသည် **ကာလကြာရှည်စွာစိတ်ဖိစီးမှုကို ဖြစ်ပေါ်စေရန် အာရုံနှိုးဆော်ပေးမှုနှင့် စိတ်ခါတ်ကျဆင်းမှုများ**ကို ဖြစ်ပေါ်စေပြီး ထိုသို့ဖြစ်ပေါ်သောအခါ သင်၏မျိုးဗီဇများကို တိုတောင်းစေကာ နာတာရှည်ရောဂါများ ဖြစ်ပေါ်စေနိုင်ပါသည်။

**နိဂုံး**

အထက်တွင် ဖော်ပြခဲ့သော မကောင်းမြင်သည့် အတွေးပုံစံများအားလုံးသည် ကျွန်ုပ်တို့၏မျိုးဗီဇအလျားကို တိုတောင်းစေပြီး နာတာရှည်ရောဂါများနှင့် ဆက်နွှယ်နေပါသည်။ မကောင်းမြင်သော စဉ်းစားတွေးတောစိတ်ဟူသော စကားလုံးကို လူမှုကွန်ရက်တွင် ကျယ်ကျယ်ပြန့်ပြန့်ရေးသား၊ ပြောဆိုအသုံးပြုနေသော ကျွန်ုပ်တို့သည် သာမန်လူဖြစ်နေပါက သိပ္ပံပညာရှင်များ၏ အထက်ပါ သုတေသန ရှာဖွေတွေ့ရှိချက်ထဲတွင် ကျွန်ုပ်တို့လည်း ပါဝင်ပတ်သက် အကျုံးဝင်နေမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် တစ်နေ့တာလျှင် အတွေးပေါင်း ၆၅၀၀၀ ခန့်တွေးပြီး ထိုအတွေးများအနက် ဆန့်ကျင်ဘက် သဘောထားနှင့် မကောင်းမြင်စိတ်ဖြစ်နေသော အတွေး ၈၀ ရာခိုင်နှုန်းနှင့် ထပ်ကာထပ်ကာ ပြန်ပြောင်းတွေးသောအတွေး ၉၅ ရာခိုင်နှုန်းတို့ ပါရှိနေပါမည်။

ထို့ကြောင့် **အဆိုးမြင်ဝါဒ၊ ရန်လိုမုန်းတီးမှုတို့ ရှိနေခြင်းသည် မကောင်းမြင်သော အတွေးပုံစံများအားလုံး ဖြစ်ပေါ်စေရန်အတွက် ကျွန်ုပ်တို့အား အားနည်းချက်များဖြစ်အောင် တွန်းပို့နေပါသည်။** မကောင်းမြင်သော အတွေးများကို မိမိခန္ဓာကိုယ်မှ ဖယ်ရှားရန် အကောင်းဆုံးနည်းလမ်းမှာ ဝိပဿနာရှုမှတ်ခြင်း၊ သတိပဋ္ဌာန် ကျင့်ကြံအားထုတ်ခြင်းပင် ဖြစ်ပါသည်။ ထိုတစ်နေ့တာအတွေးများထဲမှ (မိမိ၏အတွေးကိုဖြစ်စေ၊ အခြားသူတစ်ဦး၏အတွေးကိုဖြစ်စေ) ဖြစ်စဉ်အကြောင်းအရာပေါ်တွင် အပြုသဘောဆောင်သောအတွေးများနှင့် မကောင်းမြင်သောအတွေးများဟု ခွဲခြားနားလည်ရန် လိုအပ်ပါသည်။ ထိုသို့ခွဲခြားနိုင်ရန်အတွက် စဉ်းစားတွေးခေါ်ရာတွင် ဖြစ်စဉ်၊ အကြောင်းအရာ ပြဿနာဖြစ်ရပ်များနှင့်ပတ်သက်ပြီး တစ်ဖက်သတ်၊ တစ်ဖက်စောင်းနင်းမစဉ်းစားဘဲ ပကတိအရှိတရားအပေါ်အခြေခံကာ စိစစ်လေ့လာမှု၊ တွေးခေါ်မြော်မြင်မှု၊ ဆင်ခြင်တုံတရားနှင့် စဉ်းစားချင့်ချိန်မှု၊ ကျိုးကြောင်းဆီလျော်စွာစဉ်းစားမှု၊ ဆန်းစစ်ဝေဖန်မှုတို့ဖြင့် စဉ်းစားတွေးတောရပါမည်။ ထိုမှသာ ပြဿနာဖြေရှင်းခြင်းနှင့်တူပြီး ရလဒ်မှန်ကာ အောင်မြင်နိုင်ပါမည်။ စဉ်းစားတွေးခေါ်မှု အမြင်မတူရုံမျှဖြင့် မိမိ၏အမြင်သည်သာ အကောင်းမြင်ဖြစ်ပြီး အခြားသူ၏အမြင်သည် မကောင်းမြင်သည့်အမြင်၊ မကောင်းမြင်သည့် စဉ်းစားတွေးတောစိတ်ဟု တစ်ဖက်စောင်းနင်း မဆုံးဖြတ်သင့်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။

**References**

- The Telomere Effect: A Revolutionary Approach to Living Younger, Healthier, Longer By Elizabeth H. Blackburn and Dr. Elissa Epel
- Smart Thinking, Skills for Critical Understanding and Writing by Matthew Allen, Oxford (Second Edition)
- Negative Thinking, CBT Tools, NHS Five Department of Psychology, Reviewed 2013. (moodcafe.co.uk)
- https://www.exploringthe-problemspace.com/ new-blog/ 2017/ 1/ 1/ counting-thoughts-part-i
- https:// moodsurfing.com/ cynical-hostility/
- https: //sapienlabs. org/ measuring-a-thought/
- https://www. psychology-today.com/ us/ blog/ depression -management-techniques /201604/ rumination-problem-in-anxiety-and-depression
- https://www.psychology-today.com/ us/ blog/ the-mindful - self - express/ 201704/ stuck-in-negative-thinking-it-could-be-your-brain
- https://www. psychology - today.com/ us/ blog/ changepower/201912/9-positive-benefits-negative-thinking

## ညောင်တုန်းမြို့၌ အခြေခံလူတန်းစားပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် အခြေခံစားကုန် ဆန်နှင့်ကြက်ဥများ ရောင်းချပေး

ညောင်တုန်း ဩဂုတ် ၂၉

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အတွင်းရှိ အခြေခံလူတန်းစား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း စားသောက်ရေးအဆင်ပြေစေရေး၊ သက်သာချောင်ချိစေရေးအတွက် ရည်ရွယ်လျက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းခွဲနှင့် ကြက်မွေးမြူရေးလုပ်ငန်းရှင်များ စီစဉ်ပူးပေါင်းမှုဖြင့် ယမန်နေ့နံနက်ပိုင်းမှစတင်ကာ လမ်းမတော်လမ်းနှင့် (၁၄) လမ်းထောင့် ဈေးမျက်နှာစာတွင် အများပြည်သူများအား မည်သူမဆို ဈေးနှုန်းချိုသာစွာဖြင့် ဆန်နှင့်ကြက်ဥများအား ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ရောင်းချရာတွင် လူတစ်ဦးလျှင် ဆန်တစ်ပြည် ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ကြက်ဥ ၁၀ လုံး ငွေကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဆန် အိတ် ၁၀၀၊ ကြက်ဥအလုံး ၁၅၀၀ တို့အား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။ ဆက်လက်၍လည်း အများပြည်သူများ၊ လက်လုပ်လက်စားများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်အောင် အများပြည်သူများ ဝယ်ယူမှုများအပေါ်မူတည်ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားနိုင်ရန် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်လွင်က ပြောသည်။

ထွန်းကျော်(ညောင်တုန်း)

## မိုင်းပန်မြို့နယ်၌ မိုးရာသီကာလ စုပေါင်းသစ်ပင်စိုက်ပျိုး

မိုင်းပန် ဩဂုတ် ၂၉

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီကာလ စိမ့်စမ်းရေထွက်ပင်ရင်းများ ရေခန်းခြောက်မှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ပူပြင်းသောရာသီဥတုဒဏ်ကာကွယ်နိုင်ရန်ရည်ရွယ်၍ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းအား ယမန်နေ့နံနက်ပိုင်းက သုံးမိုင်ကျေးရွာနှင့် ဝမ်ဆောက်ကျေးရွာတို့ရှိ ကုန်ထုတ်လမ်းဘေးဝဲယာများတွင် အရိပ်ရသစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများနှင့်အတူ မန်ကျည်းပင်၊ မဲဇလီပင်နှင့် ရေမနေပင်များအား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူများ ရာသီဥတုကောင်းမွန်လာစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှသာ ရေထွက်ပင်ရင်းများ ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါကြောင်း မိုင်းပန်မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

**သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

ဓမ္မ ပုံပြင်

# အဖော့စကား

**မင်းယုဝေ**

**တစ်**ခါသော် စာလာမတီမင်းကို အိမ်နီးချင်းနိုင်ငံမှ ဗြဟ္မဒတ်မင်းက စစ်ချီတိုက်ခိုက်သည်။ စာလာမတီမင်းသည် အင်အားချင်း မမျှသဖြင့် အရေးနိမ့်သွားသည်။

သူသည် မိဖုရားနှင့် သားတော်ကိုခေါ်လျက် တစ်နေရာသို့ ထွက်ပြေး၍ ပုန်းရှောင်နေသည်။ သို့ရာတွင် ဗြဟ္မဒတ်မင်း၏ ရန်မှမလွတ်။ ဗြဟ္မဒတ်မင်းက စာလာမတီမင်းကို ရှာဖွေတွေ့ရှိပြီး လက်ရဖမ်းဆီးသည်။ စာလာမတီမင်း၏ သားတော်မူ ထွက်ပြေးလွတ်မြောက်သွားသည်။

ဗြဟ္မဒတ်မင်းသည် စာလာမတီမင်းကို ကွပ်မျက်ရန်အတွက် ထောင်သွင်း အကျဉ်းချထားသည်။ သားတော်သည် ခမည်းတော်ကို ကယ်ဆယ်ရန် အမျိုးမျိုးကြိုးစားသည်။ သို့ရာတွင် မအောင်မြင်ပေ။

မကြာမီ စာလာမတီမင်းကို ကွပ်မျက်မည့်နေ့သို့ ရောက်လာသည်။ အာဏာသားများသည် စာလာမတီမင်းကို သူသတ်ကုန်းသို့ ခေါ်ဆောင်လာသည်။ ကားစင်တင်၍ သတ်ရန်ပြင်ဆင်ကြသည်။ လူအပေါင်းလည်း ဝိုင်းအုံကြည့်ရှုကြသည်။ ထိုအထဲတွင် စာလာမတီမင်း၏ သားတော်လည်း ပါဝင်သည်။

သူသည် ရုပ်ဖျက်လျက် လာရောက်သည်။ လာရောက်သော်လည်း ဘာမျှမတတ်နိုင်။ ရင်နာစိတ်၊ မခံချင်စိတ်၊ ဝမ်းနည်းစိတ်တို့ ခံစားလျက် ခမည်းတော်၏ဖြစ်အင်ကို စူးစိုက်ကြည့်နေသည်။

စာလာမတီမင်းသည် ရုပ်ဖျက်ထားသော သားတော်မင်းသားကို တွေ့ရှိပြီး မှတ်မိသိရှိသည်။ သည်တွင် သူသည် အသတ်မခံရမီ မိမိတစ်ဦးတည်း ညည်းတွားသလိုလိုနှင့် သားတော်နာယူနိုင်ရန် ဆုံးမပြောဆိုသည်။

**“အချိန်ကြာမြင့်စွာ နည်းလမ်းရှာမနေပါနှင့်။ အလျင်စလို မပြုပါနှင့်၊ နာကြည်းစိတ်ကို မေ့ဖျောက်ခြင်းဖြင့် ပြေပျောက်အောင်ပြုပါ”**

သည်လိုပြောဆိုရင်း စာလာမတီမင်းသည် သူသတ်တို့လက်ချက်ဖြင့် နတ်ရွာစံသွားရှာလေသည်။

သားတော်မင်းသားသည် နာကြည်းရင်နာစိတ်ဖြင့် ထိုနေရာမှ ထွက်ခွာလာခဲ့သည်။ သူသည် ဗြဟ္မဒတ်မင်းကို ကြီးစွာရန်ငြိုးထားသည်။ လက်စားချေနိုင်ရန် နည်းအမျိုးမျိုးရှာဖွေသည်။ တော်တော်နှင့် မတွေ့။

သို့ရာတွင် သူသည် အလျှော့မပေး၊ ကြိုးစားရှာဖွေသည်။ နောက်ဆုံးတွင် အခွင့်ရသွားသည်။ သူသည် ဗြဟ္မဒတ်မင်း၏ နန်းတော်တွင် မင်းမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့် ရသွားသည်။

မင်းသားသည် လူတိုင်းနှင့် သင့်မြတ်အောင် ပေါင်းသင်းသည်။ ကျိုးနွံစွာဆက်ဆံသည်။ အလုပ်ကို အထူးလုပ်ကိုင် ကြိုးစားပြသည်။ ဗြဟ္မဒတ်မင်းကြီးသည်သူ့အား စာလာမတီမင်း၏သားတော်ဖြစ်ကြောင်း လုံးဝမရိပ်မိ။ သာမန်လုလင်တစ်ဦးဟုသာ မှတ်ထင်ထားသည်။ သူ၏ အနေအထိုင်၊ အပြောအဆို၊ အပြုအမူတို့ကို နှစ်သက်သဘောကျမိသည်။ ထို့ကြောင့် မကြာမီပင် သူ့အား ဘုရင့်လူယုံလက်စွဲတော်အဖြစ် ခန့်ထားဆောင်ရွက်စေလေသည်။

တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် နောက်ပါတို့နှင့်အတူ တောကစားထွက်သည်။ လက်စွဲတော်လည်း လိုက်ပါခွင့်ရသည်။ မင်းသားအဖို့ လက်စားချေရန် အခွင့်ကောင်းရသွားလေသည်။

တောနက်ထဲသို့ရောက်သောအခါ မင်းသားသည် ဗြဟ္မဒတ်မင်းအား နောက်ပါတို့နှင့် ကွဲကွာသွားအောင် ကြံစည်လှည့်ဖြား၍ တစ်နေရာသို့ ခေါ်ဆောင်သွားသည်။ မင်းသည် မင်းသား၏ အကြံအစည်ကို မရိပ်မိ။ မင်းသားခေါ်ဆောင်ရာသို့ပင် လိုက်ပါလာခဲ့သည်။

တောလယ်ရှိ တောင်ခြေတစ်နေရာသို့ ရောက်လာသည်။ မင်းသည် အလွန်မောပန်းနေပြီ။ ထို့ကြောင့် နားကြသည်။ မင်းက “ငါ ခေတ္တကျိန်းစက်ဦးမည်”ဆိုကာ မင်းသား၏ပေါင်ကို ခေါင်းအုံး၍ အိပ်လေသည်။

ဘုရင် အိပ်ပျော်သွားသောအခါ မင်းသားသည် ခါးကြားမှ ဓားကို ထုတ်လိုက်သည်။ မင်း၏လည်ကို ထိုးဖောက်မည် ပြုသည်။ သို့ရာတွင် သူသည် တစ်စုံတစ်ရာကို သတိရသွားသဖြင့် ဆုတ်ဆိုင်းသွားသည်။ သူသတိရသောအရာကား အခြားမဟုတ်။ အသတ်ခံရအံ့ဆဲဆဲတွင် ခမည်းတော် ပြောကြားသွားသော စကားများ ဖြစ်သည်။

ထို့နောက် သူသည် ဇွတ်မှိတ်ကာ ဘုရင်ကို သတ်မည်ပြုပြန်သည်။ သို့ရာတွင် ခမည်းတော်၏ စကားများက အဆီးအတားသဖွယ် ဖြစ်နေသည်။ မသတ်နိုင်။

ထိုစဉ် ဗြဟ္မဒတ်မင်းသည် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးသွားသည်။

“အမောင်၊ ငါသည် အိပ်မက်ဆိုးကို မြင်မက်သဖြင့် လန့်နိုးသွားသည်။ အိပ်မက်ထဲတွင် စာလာမတီမင်း၏သားတော်က ငါ့အား သတ်မည်ပြုသည်ကို မြင်မက်သည်”ဟု ဆို၏။ ထိုအခါ မင်းသားသည် နေရာမှ ခုန်ထလိုက်သည်။ ဘုရင်၏ လည်မျိုကိုကိုင်လျက် ဓားဖြင့်ထိုးရန်ရွယ်ထားသည်။

“မင်းကြီး၊ သင် ငါ့ကို မသိပြီလော။ ငါသည် စာလာမတီမင်း၏ သားတော် ဖြစ်သည်။ ယခုပင် သင့်ကို ငါ လက်စားချေတော့မည်”

ဗြဟ္မဒတ်မင်းသည် လွန်စွာ ကြောက်ရွံ့ထိတ်လန့်သွားသည်။

ထိုစဉ် မင်းသားသည် ခမည်းတော်၏စကားကို ကြားယောင်ပြန်သည်။ ဤတွင် သူသည် ဗြဟ္မဒတ်မင်းကို မသတ်တော့။ ဓားကို လွှတ်ချလိုက်သည်။ မင်း၏ ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။ ခမည်းတော် စာလာမတီမင်း အသတ်ခံရအံ့ဆဲဆဲတွင် ပြောသွားသော စကားများနှင့် တကွ အကြောင်းစုံကို ပြောပြသည်။

ဗြဟ္မဒတ်မင်းသည် များစွာ စိတ်မကောင်းဖြစ်သွားသည်။ သူ၏ ရက်စက်မှုအတွက်လည်း နောင်တရသွားသည်။ မင်းသားကိုအနူးအညွတ် တောင်းပန်သည်။

ထို့နောက်သူတို့နှစ်ဦးသည် ချစ်ကြည်စွာဖြင့်နန်းတော်သို့ ပြန်လာခဲ့ကြသည်။ နန်းတော်သို့ရောက်သောအခါ ဗြဟ္မဒတ်မင်းသည် မင်းသားအား စာလာမတီမင်းအဖြစ် တင်မြှောက်သည်။ စာလာမတီနိုင်ငံကို ပြန်လည်မင်းပြုစေသည်။ ထို့နောက် နှစ်ပြည်ထောင်ချစ်ကြည်စွာ ဆက်ဆံကြသည်။

သူတို့နှစ်ဦး ရန်မီးငြိမ်းသွားသဖြင့် နှစ်ပြည်ထောင်မှ ပြည်သူတို့လည်း အေးချမ်းသာယာစွာ နေထိုင်နိုင်ကြလေသည်။

သည်ပုံပြင်တွင် စာလာမတီမင်းက အချိန်ကြာမြင့်စွာ နည်းလမ်းမရှာပါနှင့်ဟုဆိုသည်မှာ နာကြည်းမှုအတွက် လက်စားချေရန် နည်းလမ်းမရှာဖို့ဆိုခြင်း ဖြစ်သည်။ ထို့ပြင် အလျင်စလိုမပြုနှင့် ဆိုသည်မှာ ချစ်ကြည်မှုကို ပြိုပျက်အောင် အလျင်စလိုမပြုနှင့်ဟူ၍ ဆိုလိုရင်း ဖြစ်သည်။ ထို့ပြင် နာကြည်းမှုကို လက်တုံ့မပြန်သင့်၊ လက်စားမချေသင့်၊ မေ့ပျောက်ခွင့်လွှတ်ရမည်ဟူ၍လည်း ဆိုသည်။ သည်အဆုံးအမများမှာ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမများပင် ဖြစ်ပေသည်။ ။ **(ဗုဒ္ဓအဆုံးအမကျမ်းမှ)**

**ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ် စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၃)၊ အမှတ်(၅)၊ (၃၀-၁-၇၀)

## ကဗျာ

### အိပ်မက်ဘဝ

မမြင်ဘူးလည်း
မြင်ဖူးသလို၊ အသိပို၏။
မရောက်ဘူးလည်း
ရောက်ဖူးသည့်နှယ်၊ အသိကြွယ်၏။
သည်ဘက်စခန်း၊ သွားမည်မှန်းသော်
မောပန်းဖွယ်ရာ၊ ကြမ်းတမ်းစွာဟု
ကြိုကာ ငါသိနှင့်ပါ၏။
ဟိုမှာဘက်သော်
ရွှင်ပျော်စရာ၊ သာရကာတို့၊
လက်ာကြွေးဟစ်၊ သီချင်းသစ်နှင့်
ပျို့မျှစ်နွှထွား၊ ပန်းမန်များလည်း
ဝင့်ကြွားပပ၊ ကြိုနှင့်ကြဟု
မှန်းဆ,စိတ်မှာ၊ သိနှင့်ပါ၏။
အကယ်၍သာ...
ဤမှာလောက၊ ငါ့ဘဝကို
မှန်းဆ,တင်ကြို၊ သိမည်ဆိုက
သိလိုပါလှ၊ ငါတောင့်တ,သည်
ဘဝအိပ်မက် ဖြစ်လိုသော။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## လူမှုဘဝ

# ခက်ခဲသောဆယ်ကျော်သက်များနှင့် ဆက်ဆံနည်းများ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ဆယ်ကျော်သက်များနှင့်ဆက်ဆံရာတွင် အချို့ဆယ်ကျော်သက်များကို မိဘများအနေဖြင့် ထိန်းသိမ်းအုပ်ချုပ်နိုင်သော်လည်း ခက်ခဲသော ဆယ်ကျော်သက်များနှင့် ဆက်ဆံရာတွင် သူတို့၏ သဘောထား၊ အပြုအမူဆိုင်ရာ ပြဿနာများကို မကြာခဏတွေ့ရတတ်သည်။ အချို့ဆယ်ကျော်သက်များတွင် စိတ်ကျန်းမာရေးဆိုင်ရာပြဿနာများ၊ အခြားအာရုံစိုက်မှုနှင့် အမူအကျင့်ဆိုင်ရာ အခက်အခဲများကို တွေ့ရသည်။

မိဘများအနေဖြင့် သက်သေပြထားသော ဆယ်ကျော်သက်အပြုအမူဆိုင်ရာ စီမံခန့်ခွဲမှုနည်းစနစ်များနှင့် မဟာဗျူဟာများကို အသုံးပြုခြင်းဖြင့် ပုံမှန်ဆယ်ကျော်သက်အပြုအမူကို တွေ့မြင်နိုင်သည်။ ဤတွင် ဆယ်ကျော်သက်အပြုအမူဆိုင်ရာ ပြဿနာများနှင့် အသွင်လက္ခဏာများကို ရှာဖွေတွေ့ရှိပြီး မည်သို့ရင်ဆိုင် ဖြေရှင်းနိုင်မည်ကို လေ့လာထားသင့်ပါသည်။

**၁။ စည်းမျဉ်းစည်းကမ်းများမဟုတ်ဘဲ ရှင်းလင်းသော "နယ်နိမိတ်များ" ကို သတ်မှတ်ပါ။**

စည်းမျဉ်း(Rule)ဟူသော စကားလုံးသည် ၎င်းနှင့်သက်ဆိုင်သော အနုတ်လက္ခဏာ အဓိပ္ပာယ်သက်ရောက်ပုံရသည်။ နယ်နိမိတ်(Boundary)ဟူသောစကားလုံးသည် ပို၍သက်သောင့်သက်သာရှိပြီး အပြုသဘောဆောင်ပုံရသည်။ နယ်နိမိတ်သည် လွတ်လပ်မှု အနည်းငယ်သာရှိသည်ဟု ဆိုလိုသည်။ ဆယ်ကျော်သက်အား တစ်ခုခုပြုလုပ်ရန် ခွင့်ပြုထားသော်လည်း နယ်နိမိတ်ဘောင်အတွင်းသာ ခွင့်ပြုထားသည်။ စည်းမျဉ်းက ဆယ်ကျော်သက်အား တစ်စုံတစ်ရာပြောရန် မလိုအောင် သတ်မှတ်ထားခြင်းဖြစ်သည်။

မည်သည့် မိဘများကမျှ သူတို့ကလေးကို စိတ်ဆိုးစေရန် မြင်ချင်သည် မဟုတ်ပါ။ "ခွင့်မပြုဘူး"ဟု သင်ပြောဆိုသောအခါ သင့်ကလေး၏ မရပ်မနား ညည်းသံများကို သင်သည် မခံနိုင်တော့ပါ။ သင်သည် ဆယ်ကျော်သက်အပြုအမူ စီမံခန့်ခွဲမှုအတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်သောအခါ သင်ကိုယ်တိုင် သေချာပြီး တစ်သမတ်တည်းဖြစ်အောင်လုပ်ဖို့ အမှန်တကယ် လိုအပ်သည်။ နယ်နိမိတ်သတ်မှတ်ထားသည်ကို သတိရပါ။ သင့်ထံမှ သူတို့ ဘာမျှော်လင့်ထားကြောင်း သင့်ဆယ်ကျော်သက်ကို ပြောပြပါ။

ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းနှင့် မျှော်လင့်ချက်များထားခြင်းက ဆယ်ကျော်သက်များ လုပ်နိုင်သည်နှင့် မလုပ်နိုင်သည်ကို နားလည်သဘောပေါက်စေသည်။ အဓိကအချက်မှာ မိဘများအနေဖြင့် အပြုသဘောဆောင်သောစည်းမျဉ်းကို ဖော်ပြရန်ဖြစ်သည်။

**၂။ ကိုယ်ရေးကိစ္စများကို မယူပါနှင့်။**

အချို့ဆယ်ကျော်သက်များသည် ပုံမှန်အားဖြင့် ဆယ်ကျော်သက်သဘောထားအမြင်ကို လက်ခံထားကြပြီး မိဘများထံမှ အနုတ်လက္ခဏာဆောင်သော တုံ့ပြန်မှုကိုရရှိသောအခါ သူတို့သည် တစ်ခုခုကို မကျေနပ်ကြောင်း ပြသကြသည်။ ဆယ်ကျော်သက်၏ ပုဂ္ဂိုလ်ရေးအရ ပြောသမျှကို မိဘများက ယူ၍မရချေ။

**၃။ လွတ်လပ်မှုအတွက် ခွင့်ပြုပါ။**

ဆယ်ကျော်သက်များအမြင်တွင် သူတို့သည် အရွယ်ရောက်ပြီးသူများဖြစ်သည်ဟု ခံယူလိုကြသည်။ မိဘများက စည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးသောအခါ ဆယ်ကျော်သက်များက အပျက်သဘောဆောင်သော သဘောထားမျိုးနှင့် တုံ့ပြန်တတ်သည်။ ဆယ်ကျော်သက်များက သူတို့ဘာသာ အရွယ်ရောက်သူများဟု ခံစားမိပြီး သူတို့၏ ထင်မြင်ချက်များ၊ ကိစ္စရပ်များကို ခံစားနိုင်ရန်အလို့ငှာ စည်းမျဉ်းစည်းကမ်းများထက် စာလျှင် ဆယ်ကျော်သက် အပြုအမူနယ်နိမိတ်သတ်မှတ်ပေးရန် လိုအပ်သည်။ လွတ်လပ်မှုအတွက် ခွင့်ပြုပေးရန် လိုအပ်သည်။ မကြာမီ သူတို့ အမှားများမှ သင်ခန်းစာယူလိမ့်မည် ဖြစ်သည်။

**[Ref: How to deal with difficult teenagers, Internet]**

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံးစရာ

### အဖေဖြေလိမ့်မယ်

ညီညီ။ ။ "ငါနဲ့ ငါ့အဖေက ဒီကမ္ဘာကြီးမှာ မသိတာမရှိဘူး"ဟု မောင်ဇော်အား ပြောပြသည်။

မောင်ဇော်။ ။ "ကောင်းပြီ ဒါဖြင့် အာရှတိုက် ဘယ်မှာရှိသလဲ"ဟု ပြန်မေးသည်။

ညီညီ။ ။ ခက်ခဲသော မေးခွန်းဖြစ်သော်လည်း အေးဆေးစွာ ပြန်ဖြေလိုက်ပုံက "ဒီမေးခွန်းကို ငါ့အဖေ ကောင်းကောင်း ဖြေနိုင်မှာကွ"တဲ့။

### ရန်သူမှ မဟုတ်တာ

အဖေ။ ။ "မင်း ရန်မဖြစ်ရဘူး။ ရန်သူကို ချစ်ရမယ်ဆိုတာ မင်း မသင်ခဲ့ရဘူးလား။

သား။ ။ "သူက ကျွန်တော့်ရဲ့ရန်သူမှမဟုတ်တာ၊ ကျွန်တော့် အစ်ကိုလေ"

### အိပ်ပျော်ချင်ယောင် ဆောင်နေမှာပဲ

သမီးငယ်။ ။ ဒီည ဖေဖေဘာဖြစ်လို့ သီချင်းတွေ ဒီလောက်ဆိုနေရတာလဲ။

မိခင်။ ။ မောင်လေးအိပ်အောင်လို့ သီချင်းနဲ့ ချော့သိပ်နေတာကွဲ့။

သမီးငယ်။ ။ သမီးသာ ကလေးဆိုရင် အိပ်ပျော်ချင်ယောင်ဆောင်နေမှာပဲ။

**မာတင်ဖဲ**

United Nations Educational, Scientific and Cultural Organization
Sustainable Development Goals

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့
## INTERNATIONAL LITERACY DAY 2021



Literacy for a human-centred recovery :Narrowing the digital divide
ဒစ်ဂျစ်တယ်ကွာဟမှုကိုလျော့ချလို့စာတတ်မြောက်ရေးဖြင့်လူသားဗဟိုပြုပြန်လည်ထူထောင်စို့

စက်တင်ဘာလ (၈) ရက်
8 September 2021

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09-889911155 |
| ၂ | ကချင်ပြည်နယ် | 09-661015555 |
| ၃ | ကယားပြည်နယ် | 09-889900022 |
| ၄ | ကရင်ပြည်နယ် | 09-889900033 |
| ၅ | ချင်းပြည်နယ် | 09-980000104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09-889900055 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09-661065555 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09-889900077 |
| ၉ | မကွေးတိုင်းဒေသကြီး | 09-889900088 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09-889900099 |
| ၁၁ | မွန်ပြည်နယ် | 09-889911177 |
| ၁၂ | ရခိုင်ပြည်နယ် | 09-889911188 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09-661125555 |
| ၁၄ | ရှမ်းပြည်နယ် | 09-889911133 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09-661145555 |

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




စာအုပ်စာပေ
လူ့မိတ်ဆွေ

## ဖောင်းပြင်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများ ထုတ်ချေးပြီးစီး

ဖောင်းပြင် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် နိုင်ငံတော်မှ ချမှတ်ထားသော ကိုဗစ်ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်ဒေသနေ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဒုတိယနှစ်စက်ဝန်း ကဏ္ဍအလိုက်ချေးငွေများကို ကျေးရွာ ခြောက်ရွာသို့ ထုတ်ချေးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အဆိုပါ ချေးငွေများကို ကျေးရွာ ခြောက်ရွာရှိ အင်းသားအင်းသူများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ၃၀၁ ဦး၊ မွေးမြူရေးလုပ်ငန်းအတွက် ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းအတွက် ၄၃ ဦး၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူ လေးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူအတွက် ၁၀ ဦး စုစုပေါင်း ၄၃၃ ဦးကို ငွေကျပ် သန်း ၁၇၃၀၀၀ ထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်ဝင်းထံမှ သိရသည်။

မွေးကြူဇင်

## ဟားခါးမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပညာပေးနှိုးဆော်

ဟားခါး ဩဂုတ် ၂၉

ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းကို ဩဂုတ် ၂၉ ရက်အထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မော်တော်ယာဉ်ဖြင့် မြို့တွင်းလှည့်လည်၍လည်းကောင်း၊ ရပ်ကွက်နေပြည်သူများ ကြားသိနိုင်သည့်နေရာမှတစ်ဆင့် အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# ဩဂုတ် ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၁၆၆ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၈-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၉,၁၂၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၁၆၆) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၅၃၂,၃၁၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၉၂,၃၀၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၇၄၀)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၄၆,၄၀၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၁၈၃) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၈-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၆၈၃,၄၁၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ (၁,၈၄၆,၁၉၀) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၈၃၇,၂၂၀) ဦးရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၈-၈-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၆,၅၂၉,၆၀၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၁)ခု | (၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၇)ခု | (၃၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅)ခု | (၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၀)ခု | (၁၀)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၅၄)ခု | (၁၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၀၄)ခု | (၄၅၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆,၇၈၆)ခု | (၂,၆၄၂)ဦး |
| စုစုပေါင်း | (၂၉,၁၂၇)ခု | (၃,၁၆၆)ဦး |

### COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂၈-၈-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၂,၈၃၇,၂၂၀)ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေ | (၁,၈၄၆,၁၉၀)ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၄,၆၈၃,၄၁၀)ဦး |
| စုစုပေါင်းထိုးနှံပြီးသောကာကွယ်ဆေးအကြိမ်ပေါင်း (Vaccine Doses) | (၆,၅၂၉,၆၀၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၆၁၇၄၁၇ | ၃၀၈၁၂၂၄၂ | ၆၅၄၃၈၁ |
| ၂။ | အိန္ဒိယ | ၃၂၆၉၅၀၃၀ | ၃၁၈၈၈၆၄၂ | ၄၃၇၈၆၀ |
| ၃။ | ဘရာဇီး | ၂၀၇၂၈၆၀၅ | ၁၉၆၄၆၄၀၀ | ၅၇၉၀၅၂ |
| ၄။ | ရုရှား | ၆၈၈၂၈၂၇ | ၆၁၄၈၂၅၀ | ၁၈၁၆၃၇ |
| ၅။ | ပြင်သစ် | ၆၇၂၈၈၅၈ | ၆၁၉၁၀၀၁ | ၁၁၄၁၅၇ |
| ၆။ | ဗြိတိန် | ၆၆၉၈၄၈၆ | ၅၃၃၇၉၁၉ | ၁၃၂၃၇၆ |
| ၇။ | တူရကီ | ၆၃၂၉၅၄၉ | ၅၇၉၈၃၁၄ | ၅၅၉၅၈ |
| ၈။ | အာဂျင်တီးနား | ၅၁၇၁၄၅၈ | ၄၈၅၄၃၂၉ | ၁၁၁၃၂၄ |
| ၉။ | အီရန် | ၄၉၂၆၉၆၄ | ၄၁၄၆၇၄၂ | ၁၀၆၄၈၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၀၃၃၀၄ | ၄၇၃၄၁၆၂ | ၁၂၄၇၄၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၀၇၃၈၃၁ | ၃၇၂၄၃၁၈ | ၁၃၁၉၂၃ |
| ၂။ | ဖိလစ်ပိုင် | ၁၉၅၄၀၂၃ | ၁၇၇၇၆၉၃ | ၃၃၁၀၉ |
| ၃။ | မလေးရှား | ၁၇၀၆၀၈၉ | ၁၄၂၂၀၀၅ | ၁၆၀၈၇ |
| ၄။ | ထိုင်း | ၁၁၇၄၀၉၁ | ၉၈၅၂၄၆ | ၁၁၁၄၃ |
| ၅။ | ဗီယက်နမ် | ၄၃၅၁၁၄ | ၂၁၉၈၀၂ | ၁၀၇၄၉ |
| ၆။ | မြန်မာ | ၃၉၂၃၀၀ | ၃၄၆၄၀၈ | ၁၅၁၈၃ |
| ၇။ | ကမ္ဘောဒီးယား | ၉၂၂၀၈ | ၈၈၁၁၉ | ၁၈၈၁ |
| ၈။ | စင်ကာပူ | ၆၇၃၀၄ | ၆၆၀၂၂ | ၅၅ |
| ၉။ | လာအို | ၁၄၆၄၁ | ၄၉၂၈ | ၁၂ |
| ၁၀။ | ဘရူနိုင်း | ၂၄၆၂ | ၆၆၄ | ၇ |

## မအူပင်မြို့နယ် ထန်းပင်ကွေ့ အရှေ့ရေထိန်းတံခါးအတွင်း ငါးမျိုးစိုက်ထည့်



**မအူပင် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ထန်းပင်ကွေ့အရှေ့ ရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တလုပ်လှငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ကိုးသိန်းအား ထန်းပင်ကွေ့ အရှေ့ရေထိန်းတံခါးအတွင်းသို့ စုပေါင်းပြီး ငါးမျိုးများစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အတွင်း၌လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ မြဝတီ ကုန်သွယ်ရေးစခန်း လေးခုတို့မှတင်သွင်းရာ၌ကုမ္ပဏီ ၁၂ ခုမှ ယာဉ်စီးရေ ၁၉ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် သုည ဒသမ ၂၅ တန်၊ အောက်ဆီဂျင်(အရည်) Storage Container နှစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၈၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၂၁၅ ခု၊ Test Kit ၂၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၂၂၀၀နှင့် နှာခေါင်းစည်း ၁၆ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့တစ်စီးနှင့် မော်လမြိုင်မြို့သို့တစ်စီး ဖြစ်ကြောင်း သိရသည်။



**စီစဉ်ဆောင်ရွက်ပေးထား**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့် ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိလွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၉ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Pantocid IV Injection ၈၀၀၂၈ ခု၊ Latoprost RT ၄၆၀၂ ခု၊ Pantocid 20 Tablets ၁၄၁၂၆ ခု၊ Virnux Injection ၆၀၀၀၊ Test Kit ၂၅၀၀၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ၊ လွယ်ဂျယ်)တွင် ကုမ္ပဏီ ၁၃ ခုမှ Oxygen Mask ၈၉၈၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၃၁၇ ခု၊ နှာခေါင်းစည်း ၁၂၈၃၂ ခု၊ အောက်ဆီဂျင်အရည် ၁၉ ဒသမ ၃၃ တန်၊ အောက်ဆီဂျင်အရည် ၁၄၈၅၄ ကုဗမီတာ၊ တစ်ကိုယ်ရေသုံးဝတ်စုံ ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၉၈၈၉ ကီလိုဂရမ် Oxygen Cylinder ၁၉၀၊ Flow Meter ၁၂၀၀၊ Thermometer ၆၃၈ ခု၊ Nasal Cannula ၂၃၅၀ ခု၊ Oximeter ၄၆၈ ခု၊ Cadaver Bag ၁၄၅ ကီလိုဂရမ်၊ Medical Waste Bag ၃၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရန်ကင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ဆက်လက်ထိုးနှံပေး



**ရန်ကုန် ဩဂုတ် ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဝင်း အတွင်းရှိ အရိယာဓမ္မာရုံ၌ မြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များနှင့် သက်ကြီးဘိုးဘွားများ၊ ပရဟိတအဖွဲ့များနှင့် ဦးတည်အုပ်စုတွင် ပါဝင်သူများကို ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးသည်။

ရန်ကင်းမြို့နယ် အတွင်း အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၇၀၀၀ ခန့် ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ကို ဩဂုတ် ၁ ရက်က ပထမအကြိမ်အဖြစ် လူဦးရေ ၃၆၀၀ ကျော်ကို ထိုးနှံပေးခဲ့ပြီး ယနေ့တွင် ဒုတိယအကြိမ်အဖြစ် ထိုးနှံပေးခြင်းဖြစ်သည်။

"ဩဂုတ် ၁ ရက်က အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၃၆၀၀ ကျော်ကို ပထမအကြိမ် ထိုးပေးခဲ့ပြီး တော့ ဒီနေ့မှဒုတိယအကြိမ် ထိုးနှံတာပါ။ ကျန်တဲ့ဘိုးဘွားတွေကိုလည်း ကာကွယ်ဆေးရရှိတဲ့အပေါ် မူတည်ပြီး ထိုးနှံပေးသွားမှာပါ။ ကာကွယ်ဆေးဟာ လက်ရှိကြုံတွေ့နေရတဲ့ ရောဂါအတွက် အကာအကွယ် ဖြစ်စေပါတယ်။ ကာကွယ်ဆေး မထိုးတဲ့သူအဖြစ်များတာကို တွေ့ရမှာပါ။ နိုင်ငံတော်က ပြည်သူတွေကို ကာကွယ်ဆေး ထိုးနှံပေးနေတဲ့အတွက် ရောဂါကို ထိန်းချုပ်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ ပြန်လည်ဖွံ့ဖြိုးလာမှာ ဖြစ်တဲ့အတွက် ကာကွယ်ဆေးထိုးဖို့ တိုက်တွန်းလိုပါတယ်" ဟု ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံသော သက်ကြီးဘိုးဘွားများကို သွေးတွင်းအောက်ဆီဂျင် စစ်ဆေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် ဆေးထိုးနှံရန် ကူညီခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်တို့က ဆောင်ရွက်ပေးပြီး ပထမအကြိမ် ထိုးနှံပြီးသူများကို သတ်မှတ်ရက်တွင် ဒုတိယအကြိမ် ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ–ကနူး**

# မိုင်းဆတ်ခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းဆတ် ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်မြို့နယ်အတွင်း ဝမ်းကောင်း – ပါမူကျေးရွာချင်းဆက်လမ်း သုံးမိုင်အနက် ကျန် နှစ်မိုင် အပြီးသတ်ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေ ကျပ် ၃၂၇ ဒသမ ၃၄၁ သန်းဖြင့်လည်းကောင်း၊ ၎င်းလမ်းပေါ်ရှိ ၁၀ပေ ကွန်ကရစ်တံတား တစ်စင်းအား ငွေကျပ် ၂၅ ဒသမ ၇၇၄ သန်းဖြင့် လည်းကောင်း၊ ငါးပေ Box Culvert လေးစင်းကို ငွေကျပ် ၂၄ ဒသမ ၃၈၅ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာ၊ အိမ်ခြေ ၂၀၂ အိမ်၊ လူဦးရေ ၁၁၇၉ ဦး တို့အတွက် လူမှုစီးပွားဘဝများ များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အကယ်၍ သူ့အနေနှင့်က ထိုသူအပေါ် လိုက်လိုက်လျောလျော ဆက်ဆံနိုင်ရန် အားမထုတ်ခဲ့မိလျှင်လည်း ကိစ္စမရှိ။ ယခုမူ ရင်းနှီးလိုမှုနှင့် ကမ်းလင့်သောလက်ကို ပုတ်အထုတ်ခံရသည့် သဖွယ် ခံပြင်းနာကြည်းစရာကောင်းသည့် အပြုအမူမျိုးကို ဦးကောင်းမိုး ဖန်တီးခဲ့သည်။

ရှည်ရှည်ဝေးဝေးမကြည့်နှင့်။ စနေနံ ဘုရားပွဲတော်ပြုလုပ်ရန် စည်းဝေးသည့်နေ့က အဖြစ်ကိုပင် ထောက်ချင့်ပါလေဦး။ တက်ကြွသည်။ ဖျတ်လတ်သည်။ အလှူငွေ အများအပြားဆုံး ထည့်ဝင်နိုင်သည်ဆိုခြင်းများအပေါ် အခြေတည်ကာ အစည်းအဝေးက ဦးအောင်ခန့်ကို ဘုရားပွဲတော် ဖြစ်မြောက်မှု လူကြီးတစ်ဦးအဖြစ် သတ်မှတ်သည်။ ဆောင်ရွက်ဖွယ်ကိစ္စအရပ်ရပ်ကို တာဝန်ပေးသည်။ သည်တွင် ဦးအောင်ခန့် ပါဝင်သည်ဆိုပါက မိမိအနေနှင့် ဘာတစ်ခုမျှ မဆောင်ရွက်နိုင်ကြောင်း ဦးကောင်းမိုးက ကန့်ကွက်သည်။ အစည်းအဝေးပြုရာမှ ထွက်ခွာသွားသည်။

သည်စဉ်က တစ်ကြိမ်။

နောက်တစ်ကြိမ်မှာ ပင်းစက္ကလမ္ဘုရားပွဲတော်ရက်အတွင်းက ဖြစ်သည်။ ဇရပ်တစ်ဆောင်၌ သူတို့နှစ်ယောက် ပက်ပင်းတွေ့ကြသည်။ သည်စဉ်ကလည်း ဦးကောင်းမိုးသည် ဦးအောင်ခန့်အား လက်မြှောက်ပြခဲ့သည်။ တောင်ပံနီလာပြီမို့ သူသွားတော့မည်ဆိုကာ အများရှေ့တွင် စော်ကားလျက် ဇရပ်မှဆင်းသွားခဲ့သည်။ ဦးအောင်ခန့်၏ နောက်ကွယ်တွင် စကားပြောရာ၌ အောင်ခန့်ဟူသော အမည်ကိုပင် သုံးစွဲရန် ဝန်လေးဟန်ဖြင့် "တောင်ပံနီအကျိုးက" စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြောင်း ကြားရသည်။

တောင်ပံနီအကျိုး။

အခြားအရာများကို ထားပါဘိ။ ယင်းစကားလုံးအတွက်ကိုမူ ဦးအောင်ခန့်မှာ အသည်းဆတ်ဆတ်ခါမျှ နာရသည်။

ဦးအောင်ခန့်မှာ အားနည်းချက် တစ်ရပ်ရှိခဲ့သည်။ တွင်းတူးဘဝဖြင့် ကျင်လည်ခဲ့စဉ်က တွင်းသို့ အဆင်းတွင် ခြေတစ်ဖက်မှာ ဒဏ်ရာအနာတရ ဖြစ်ခဲ့သည်။ အစကမူ ဘာမျှမဖြစ်သလို ရှိခဲ့သည်။ တစ်စထက်တစ်စ ဝေဒနာပြင်းထန်လာကာ ယခုအခါ ခြေတစ်ဖက်ဆာနေသည်။ လမ်းလျှောက်သောအခါ တုတ်ကောက်တစ်ချောင်းကို အားပြုရသည်။

တောင်ပံနီအကျိုးဟူသည်ကား သူခိုးခားပြအကျိုးဟု ခေါ်ဆိုခြင်းမည်ပေသည်။ ထို့ကြောင့်လည်း ယင်းစကားအတွက် ဦးအောင်ခန့်မှာ အသည်းဆတ်ဆတ်ခါမျှ နာရခြင်း ဖြစ်သည်။ ကြားရစက ဓားချင်းယှဉ်၍ခုတ်ရန် ချိန်းဆိုရလေမလား။ သေနတ်ချင်းယှဉ်ပစ်ရကောင်းလေမလား အတန်တန် စဉ်းစားခဲ့မိသည်။ ချက်ချင်းလက်ငင်း ပြဿနာရှင်းပစ်ရန် ကြံစည်ခဲ့မိသေးသည်။

သို့ရာတွင် ဦးအောင်ခန့်သည် မျိုသိပ်နိုင်စွမ်းရှိသူတစ်ဦး ဖြစ်သည်။ ဒေါသကိုချုပ်တည်းကာ ဝမ်းထဲတွင် တေးထားတတ်သူတစ်ယောက်ဖြစ်သည်။ သူသည် ဦးကောင်းမိုးအား မူမပျက် အပြုံးဖြင့် ဆက်ဆံနိုင်စွမ်းရှိခဲ့သည်။ အများသူငါရှေ့တွင် ဦးကောင်းမိုး၏ ကောင်းသတင်းကို ထုတ်ဖော်ပြောဆိုရန် ဝန်မလေးသူတစ်ယောက်လို ကျင့်နိုင်ခဲ့သည်။ သို့ပေမဲ့ ရင်ထဲက တေးထားသည့် အဖြစ်ကိုမူ ဘယ်အခါမျှ မေ့လိမ့်မည်မဟုတ်ပေ။

စင်စစ် ဦးကောင်းမိုးနှင့်ပတ်သက်သည့် ပြဿနာမှာ မမြလေးထံမှ မြစ်ဖျားခံလာခဲ့သည်ဆိုခြင်းကို တလောကမှ သဘောပေါက်ခဲ့ရသည်။

ဦးကောင်းမိုးနှင့် မမြလေးတို့သည် ငယ်စဉ်က မေတ္တာမျှခဲ့ဖူးသည်ဆိုခြင်းကို ဦးအောင်ခန့် ကြားခဲ့ရသည်မှာ မကြာတတ်သေး။ အစသော် ဆွေရိပ်မျိုးရိပ်မကင်း၊ တွင်းရိုးချင်း အတူတူလည်း ဖြစ်နေခဲ့သဖြင့် လူကြီးချင်း သဘောတူညီမှု ရှိခဲ့သည်။ ဦးကောင်းမိုးနှင့် မမြလေးတို့ အချစ်ရေးကို နှစ်ဖက်သောမိဘတို့က ကြည်ဖြူခဲ့ကြသည်။

နောက်တော့ ဦးကောင်းမိုး၏စာရိတ္တကို မကြိုက်နိုင်ဆိုကာ သဘောတူညီမှုကို ဖျက်သိမ်းခဲ့ကြသည်။ လူငယ်ချင်းလည်း ခပ်ခွာခွာနေခဲ့ကြသည်။

သည်စဉ်တွင် ဦးအောင်ခန့်သည် မမြလေးတို့လောကအတွင်း ဝင်ဆံ့လာသည်။ မမြလေး၏ဖခင်သည် အစဉ်အလာကို တော်လှန်လိုသောသဘောရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ အမြင်ကျယ်သည်၊ အမြော်အမြင်ကြီးသည်။ ဦးအောင်ခန့်ကိုလည်း ခင်မင်ရင်းနှီးလေသည်။ သို့ဖြစ်၍ ဦးအောင်ခန့်သည် မကြာမီမှာပင် မမြလေးကို လက်ထပ်ခွင့်ရခဲ့သည်။ ဦးကောင်းမိုး၏ မိဘများက ဦးအောင်ခန့်နှင့် မမြလေးလက်ထပ်ခဲ့ပြီး ရက်များမကြာမီမှာပင် ၎င်းတို့၏ သားဖြစ်သူအား မင်းမျိုးမင်းနွယ်ထဲက အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ချပေးခဲ့သည်။ လက်ထပ်မင်္ဂလာပွဲကို တစ်မြို့လုံး ဟိုးလေးတကျော်ဖြစ်အောင် အခမ်းနားဆုံးပြုလုပ်ပေးခဲ့သည်။

**ဦးကောင်းမိုးနှင့် မမြလေးတို့သည် ငယ်စဉ်က မေတ္တာမျှခဲ့ဖူးသည်ဆိုခြင်းကို ဦးအောင်ခန့် ကြားခဲ့ရသည်မှာ မကြာတတ်သေး။ ဦးကောင်းမိုးနှင့် မမြလေးတို့ အချစ်ရေးကို နှစ်ဖက်သောမိဘတို့က ကြည်ဖြူခဲ့ကြသည်။ နောက်တော့ ဦးကောင်းမိုး၏စာရိတ္တကို မကြိုက်နိုင်ဆိုကာ သဘောတူညီမှုကို ဖျက်သိမ်းခဲ့ကြသည်။ လူငယ်ချင်းလည်း ခပ်ခွာခွာနေခဲ့ကြသည်။ သည်စဉ်တွင် ဦးအောင်ခန့်သည် မမြလေးတို့လောကအတွင်း ဝင်ဆံ့လာ...**

ဦးအောင်ခန့်တို့တွင် သားဦးကလေးမွေးဖွားသည်။ ခင်မောင်ညွန့်ဟု အမည်ပေးသည်။ မကြာမီ ဦးကောင်းမိုးတို့သည်လည်း သားဦးရလေသည်။ "ညွန့်ထက်ဦးရမည်" ဆိုကာ မောင်မောင်ဦးဟု အမည်မှည့်ခေါ်ခဲ့သည်။ သည်အထိ မိမိတို့အပေါ် အပြိုင်အဆိုင် ပြုခဲ့သည်ဆိုခြင်းကို ယခင်က ဦးအောင်ခန့် မသိခဲ့။ သတိမထားမိခဲ့။ မကြာသေးမီကမှ တစ်စုံတစ်ဦးက ပြောလာသဖြင့် သိရှိလာရခြင်း ဖြစ်သည်။ နားလည်သဘောပေါက်လာရခြင်းဖြစ်သည်။

သည်တော့လည်း ဦးအောင်ခန့်သည် စိတ်ထဲက ကျိတ်၍ ပြုံးမိသည်။ ဦးနှောက်တွင် အမှတ်အတေး တစ်ခု တိုးခဲ့ပြန်လေသည်။

အခြားအရာတွင် ယှဉ်ပြိုင်နိုင်မှုရှိစေကာမူ ယခုအခါ စီးပွားရေးအရ ဦးအောင်ခန့်အား ဦးကောင်းမိုး ယှဉ်ပြိုင်၍ မရနိုင်အောင်ရှိသည်ကား အမှန်ပင်။

ဦးအောင်ခန့်သည် အလုပ်တွင် အောက်သက်ကျေသည်။ လုံ့လဝီရိယရှိသည်။ လာဘ်မြင်သည်။ အသောက်အစားနှင့် လောင်းကစားတွင် ဝါသနာမထုံ၊ ဦးကောင်းမိုးသည် သည်ဘက်တွင် ဦးအောင်ခန့်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တခြားစီဖြစ်သည်။ ပြဒါးတစ်လမ်း သံတစ်လမ်းဆိုသည့်နှယ်ပင်။

ငယ်စဉ်ကပင် မိဘက ငွေကြေးချမ်းသာသည်ကို အကြောင်းပြု၍ ပေါ်ကြော့နေခဲ့သည်။ အလုပ်ကိုလည်း နားမလည်လှ၊ ထကြွလုံ့လ နည်းပါးသည်။ အသောက်အစားနှင့် လောင်းကစားတွင် မွေ့လျော်သည်။

သို့ဖြစ်၍ ယခုအခါ ဦးအောင်ခန့်က ကြွယ်ဝသည်ထက် ကြွယ်ဝလာသလောက် ဦးကောင်းမိုးမှာ စီးပွားရေး ကျဆင်းသည်ထက် ကျဆင်းနေသည်။ ဟန်မပျက် နေနိုင်ခဲ့သော်လည်း အနှစ်ဗလာအခွံသာ ကျန်ရှိတော့သည့်အကြောင်းကို ရင်းနှီးသူများက သိကြပေသည်။ ဦးကောင်းမိုးမှာ အကြွေးများ အထပ်ထပ်တင်လျက် ပိုင်ဆိုင်သော "တွင်းရာ"များကို တစ်ခုပြီးတစ်ခု ရောင်းချစားသောက်နေခဲ့ရသည်။

သည်အဖြစ်ကို ဦးအောင်ခန့် မကြာမီက သိလာရသည်။ နားလည်လာရသည်။ သို့နှင့်အမျှ သူကိုယ်တိုင် တွင်းရာတစ်ခုကို သွားရောက်ဝယ်ယူမိခဲ့သည့် အဖြစ်ကို မမေ့သေး။

စင်စစ်တွင် ဦးအောင်ခန့်သည် ဦးကောင်းမိုးနှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးသူဖြစ်သည်။ အခါတိုင်းက တတ်နိုင်သမျှ ရှောင်ခဲ့ပါလျက် ထိုနေ့ကမူ သူ၏အိမ်အရောက် ဆိုက်ဆိုက်မြိုက်မြိုက် သွားရောက်ခဲ့သည်။

ထိုနေ့ကအဖြစ်ကို ဦးအောင်ခန့် သတိရသည်။ ဦးကောင်းမိုး၏အိမ်သည် ရွှေဘုံသာတွင်ရှိသည်။ မြင့်မားသောကုန်းတစ်ခုပေါ်မှာ တည်ရှိသည်။ ဝိုင်းမှာ များစွာကျယ်ပြန့်သည်။ ကုန်းထိပ်တွင် ကြီးမားသည်နှင့်အမျှ ခံ့ထည်သော အိမ်တစ်ဆောင်ရှိသည်။ ယခင်ကမူ ဦးကောင်းမိုးတို့၏ အိမ်ကြီးမှာ အရပ်ထဲတွင် ကျော်စောလောက်အောင်ပင် ခမ်းနားကြီးကျယ်ခြင်းရှိခဲ့သည်။ သစ်ပင်ပန်းမန် ဝေဝေဆာဆာနှင့် နှစ်ခြိုက်စဖွယ်၊ နေချင့်စဖွယ် အဝန်းအဝိုင်းတစ်ခု ဖြစ်ခဲ့သည်။ ယခုမူ ယင်းသို့ မဟုတ်ချေပြီ။ အိမ်ကြီးမှာ နှစ်များစွာက ပစ်ပယ်ထားသည့် အသွင် ညိုညစ်မွဲခြောက်နေသည်။ ဝိုင်းအတွင်းရှိ သစ်ပင်ပန်းမန်များသည်လည်း ပြုစုယုယခြင်းကင်းမဲ့ခဲ့သဖြင့် ခြောက်သွေ့နွမ်းရော်နေသည်။ ဦးကောင်းမိုး၏အခြေအနေကို ဝိုင်းအားကြည့်လျက် အကဲခတ် ဆုံးဖြတ်နိုင်စွမ်းရှိသည်။

ဦးအောင်ခန့် ဝိုင်းအတွင်းဝင်လာသည်ကို ဦးကောင်းမိုးက မမိုတ်မသုန်ကြည့်နေခဲ့သည်။ အချိန်မှာ နံနက်ခင်းဖြစ်သည်။ ဦးကောင်းမိုး၊ သူ၏ဇနီး မသူဇာနှင့် အခြားသူတစ်ဦးတို့ အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်နေကြသည်။ ရေနွေးကြမ်းသောက်နေကြသည်။ မသူဇာ၏ရင်ခွင်တွင် သားငယ် မောင်မောင်ဦးရှိသည်။

ဦးကောင်းမိုးက ဦးအောင်ခန့်အား နှုတ်ဆက်ခြင်းမရှိ။ နေရာထိုင်ခင်းပေးခြင်းလည်းမပြု ခပ်ကြောင်ကြောင် စိုက်ကြည့်နေသည်။ တစ်ကြိမ်တစ်ခါမျှ မလာဖူးပါဘဲ လာသည့်အတွက် အံ့သြနေဟန်ကိုလည်း မျက်နှာတွင် မြင်ရသည်။

ဦးအောင်ခန့်သည် ကွပ်ပျစ်နှင့်မနီးမဝေးတွင် ရပ်လိုက်သည်။

"ကျန်းမာရဲ့နော် ကိုကောင်းမိုး"

ဦးအောင်ခန့်က စတင်နှုတ်ဆက်သည်။ အတတ်နိုင်ဆုံး ချိုချိုသာသာပြုံးထားသည်။

"အမြင်အတိုင်းပါပဲဗျား၊ ကျန်းမာပါရဲ့။ ဒါထက် မလာစဖူး အလာထူးလှချေကလား ကိုအောင်ခန့်၊ အကြောင်းထူးများရှိသလား"

ဦးအောင်ခန့်သည် လာရင်းအကြောင်းကို ရုတ်တရက် ဖွင့်ပြောရန် ဝန်လေးလျက်ရှိသည်။ ထို့ကြောင့်ပင် စကားပြောရန် အတန်ကြာမျှ ဆိုင်းနေသည်။

"အကြောင်းထူးရှိတယ်ပဲဆိုပါတော့ ကိုကောင်းမိုး"

ဦးကောင်းမိုးသည် ဦးအောင်ခန့်ပြောမည့်စကားအတွက် စိတ်စောမိဟန်ရှိသည်။ နားစွင့်သည်။

မသူဇာသည် ဦးအောင်ခန့်ကို အားနာသလို ကြည့်နေသည်။ နေရာထိုင်ခင်းပေးလိုဟန် အရိပ်အသွင်ကို မျက်နှာတွင် မြင်ရသည်။ သို့ရာတွင် လင်သားဖြစ်သူကိုယ်၌က ဦးအောင်ခန့်အတွက် နေရာထိုင်ခင်းပေးလိုဟန်မပြဘဲ ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း မသူဇာသည် ဘာမျှမပြောဝံ့ဘဲ ကြည့်နေရုံသာတတ်နိုင်သည်။ မသူဇာ၏ ရင်ခွင်ထဲမှ ကလေးငယ်သည် ဘာမျှမသိတတ်သလို ဦးအောင်ခန့်အား ကြည့်ကာ ရယ်မောရွှင်ပျနေသည်။

နေရာထိုင်ခင်းကလေးသော်မှ ပေးဖော်မရသည့်အတွက် ဦးအောင်ခန့်စိတ်မှ ခံပြင်းမိသလိုရှိရသည်။ ချက်ချင်းလှည့်ပြန်ချင်စိတ်ပင် ပေါ်ပေါက်မိသည်။

"ကိုင်း ဆိုပါဦး ကိုအောင်ခန့်၊ ဘယ်လိုအကြောင်းထူးများလဲ"

ဦးကောင်းမိုးက လက်အောက်ငယ်သားတစ်ယောက်ကို စစ်မေးသလို မေးသည်။

"အကြောင်းကတော့ တခြားမဟုတ်ပါဘူး ကိုကောင်းမိုး၊ တွင်းကုန်းက ကျုပ်မြေနဲ့စပ်နေတဲ့ မြေက ကိုကောင်းမိုးရဲ့ တွင်းရာတစ်ခု ကိစ္စပါပဲ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)
## ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး
## (၉၀'x၄၄') အဆင့်မြင့်ဝန်ထမ်းအိမ်ရာ(၁)လုံး
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

- ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ ဝတ္တကမြေအတွင်း အဆင့်မြင့် ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ Steel Structure ဖြင့် (၉၀'x၄၄') (၂)ထပ်ဆောင်(၂)လုံးကို ဆောက်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် YCDC မှ ခွင့်ပြုထားပြီးဖြစ်ပါသည်။
- အဆိုပါအဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဂေါပကအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အဆင့်မြင့်ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ Steel Structure ဖြင့် (၂)ထပ်ဆောင် (၁)လုံးကို ဆောက်လုပ်ထားပြီးဖြစ်၍ နမူနာယူ လေ့လာနိုင်ပါသည်။
- အဆောက်အအုံဆောက်လုပ်ရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် (စက်တင်ဘာလ ၆ရက်နေ့မှ ၈ ရက်နေ့ထိ) ရုံးအဖွဲ့မှူး ၀၁-၆၅၀၄၈၄၊ ၀၉-၂၅၀၀၁၇၅၇၇သို့ ဆက်သွယ် မေးမြန်းနိုင်ပြီး ဂေါပကအဖွဲ့ဝင်များနှင့် ရုံးချိန်အတွင်း လာရောက်တွေ့ဆုံ ဆွေးနွေးနိုင်ပါသည်။
- အဆောက်အအုံကုန်ကျစရိတ်နှင့်ပတ်သက်၍ ငွေပေးချေမှုကို ဂေါပကအဖွဲ့၏ မြန်မာ့စီးပွားရေး ဘဏ်တွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းမှ လွှဲပြောင်းပေးသွင်းခြင်းစနစ် (Account Transfer) ဖြင့် လုပ်ငန်းဆောင်ရွက်ပြီးသည့်အချိန်တွင် လွှဲပြောင်းပေးချေပါမည်။
- အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ဂေါပကအဖွဲ့ရုံးတွင် ရယူပြီး ၉-၉-၂၀၂၁(ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါရွေးချယ်မှုအား ယင်းနေ့ (၁၄:၀၀)နာရီတွင် ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ပါမည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဝရဒါဠာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)**

## အမြတ်ဝေစု ထုတ်ယူရန် ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်(ထည့်ဝင်ပြီးအစု အရင်းငွေအပေါ် တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်း)ကို သစ်တောဖက်စပ်(ရုံးချုပ်) အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူရန်ဖြစ်ပါသည်။

| စဉ် | အစုရှယ်ယာလက်မှတ်အမှတ်စဉ် | ရက်အပိုင်းအခြား | မှတ်ချက် |
|---|---|---|---|
| (က) | ၀၀၀၀၀၁ မှ ၀၀၉၀၀၀ ထိ | ၁-၁၀-၂၀၂၁ မှ ၁၄-၁၀-၂၀၂၁ ထိ | စနေ၊ တနင်္ဂနွေနှင့် |
| (ခ) | ၀၉၀၀၀၁ မှ ၀၁၈၀၀၀ ထိ | ၁၅-၁၀-၂၀၂၁မှ ၁-၁၁-၂၀၂၁ ထိ | အများပြည်သူ |
| (ဂ) | ၀၁၈၀၀၁ မှ ၀၂၇၀၀၀ ထိ | ၂-၁၁-၂၀၂၁ မှ ၁၅-၁၁-၂၀၂၁ ထိ | အလုပ်ပိတ်ရက်များမှ |
| (ဃ) | ၀၂၇၀၀၁ မှ ၀၃၆၀၀၀ ထိ | ၁၆-၁၁-၂၀၂၁မှ ၂-၁၂-၂၀၂၁ ထိ | အပ နံနက်(၁၀)နာရီမှ |
| (င) | ၀၃၆၀၀၁ မှ ၀၄၅၀၀၀ ထိ | ၃-၁၂-၂၀၂၁ မှ ၁၇-၁၂-၂၀၂၁ ထိ | ညနေ(၄)နာရီအတွင်း |

၂။ ၁-၁၀-၂၀၂၁ ရက်မှစတင်၍ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုများ ထုတ်ပေးမည်ဖြစ်ပါ၍ အစုပေါ်အမြတ်ဝေစု ထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏ အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ရှယ်ယာရှင်၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)နှင့် ကိုယ်စားထုတ်ယူမည့်သူ၏ နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာ၍ ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်ပါသည်။

၃။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် အစုရှယ်ယာ ထုတ်ပေးရာတွင်-

| | ထုတ်ပေးမည့်အစီအစဉ် |
|---|---|
| ကုမ္ပဏီများအတွက် အမြတ်ဝေစုထုတ်ပေးခြင်း | ချက်လက်မှတ် |
| အစုရှယ်ယာ(၅၀)စုနှင့်အထက် ရှယ်ယာရှင်များ | ချက်လက်မှတ် |
| အစုရှယ်ယာ(၅၀)အောက် ရှယ်ယာရှင်များ | ငွေသား |

ဖြင့် ထုတ်ပေးသွားပါမည်။

၄။ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ဖြင့် ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ/ အဖွဲ့အစည်း၏ ခေါင်းစီးဖြင့် တရားဝင်လွှဲအပ်စာ ယူဆောင်လာသူကိုသာ အစုပေါ်အမြတ်ငွေ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အထက်ပါကာလအတွင်း အစုပေါ်အမြတ်ဝေစု မထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် သစ်တောဖက်စပ်(ရုံးချုပ်) ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၉၀၁၀၇၃၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အမြတ်ဝေစုထုတ်ယူနိုင်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ကြားကာလ(၆)လ (၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ရက်အထိ) အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ ကြီးကြပ်မှုအောက်ရှိအောက်ဖော်ပြပါ လုပ်ငန်း(၁၅)ခုကို တင်ဒါစနစ်ဖြင့် အငှားချဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်-

(က) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံသည့်လုပ်ငန်း၊
(ခ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံသည့်လုပ်ငန်း၊
(ဂ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခကောက်ခံသည့်လုပ်ငန်း၊
(ဃ) ဒဂုံ-ရောပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံသည့် လုပ်ငန်း၊
(င) ဒဂုံမြောက်ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်း ယာဉ်ဝင်ခ၊ လေ့ကျင့်ကြေး ကောက်ခံသည့် လုပ်ငန်း၊
(စ) ရန်ကုန်အရှေ့ပိုင်းယာဉ်ငယ်ရပ်နားစခန်း(၁)၊ (၂) ယာဉ်ရပ်နားခ ကောက်ခံသည့်လုပ်ငန်း၊
(ဆ) ဒဂုံ-ရောပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ နားနေဆောင်၊ နားနေခ ကောက်ခံသည့် လုပ်ငန်း၊
(ဇ) သံသုမာယာဉ်ရောင်းဝယ်ရေးစခန်းရှိ ရေချိုး/သန့်စင်ခန်း အသုံးပြုခကောက်ခံသည့် လုပ်ငန်း၊
(ဈ) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ သန့်စင်ခန်းအမှတ်(၁) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ည) လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းရှိ သန့်စင်ခန်းအမှတ်(၂) အသုံးပြုခကောက်ခံသည့်လုပ်ငန်း၊
(ဋ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၁) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊
(ဌ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၂) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊
(ဍ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၃) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊
(ဎ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၄) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊
(ဏ) အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရေချိုး/သန့်စင်ခန်းအမှတ်(၅) အသုံးပြုခ ကောက်ခံသည့်လုပ်ငန်း၊

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ လမ်း၊ တံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ လမ်းနှင့်ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးရုံး(အခွန်ဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်း၊ တံတားဆိုင်ရာလုပ်ငန်း တာဝန်ခံအဖွဲ့၊ လမ်းနှင့်ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေးရုံးသို့ဖြစ်စေ၊ ဖုန်း-၀၉-၂၅၄၁၁၀၉၉၆သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါရောင်းချမည့်ရက် | - | ၁-၉-၂၀၂၁ (ဗုဒ္ဓဟူးနေ့) |
| တင်ဒါအရောင်းပိတ်မည့်ရက် | - | ၂၄-၉-၂၀၂၁ (သောကြာနေ့) (၁၃:၀၀)နာရီ |
| တင်ဒါကျင်းပမည့်နေ့ရက် | - | ၂၈-၉-၂၀၂၁ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |
| တင်ဒါကျင်းပမည့်နေရာ | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ အမှတ်(၉၀၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ ၃ထပ်ခွဲတိုက် အဆောက်အဦမှ အခန်းအမှတ်(၃-A)၊ ၃လွှာ၊ ဒုတိယထပ်၊ ခေါင်းရင်းခန်း(ဝဲဘက်)တိုက်ခန်း(၁)ခန်းအား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ဇင်မင်းထိုက်[၁၂/စခန(နိုင်)၀၀၁၈၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၂၈-၈-၂၀၂၁)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချို(စဉ်-၆၃၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၆)၊ နတ်သျှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၈၈၅၄၉**

"သားရတနာလေးမွေးဖွားခြင်း အတွက်ဆုတောင်း"

မိုက်ကယ်ဂျော့ရှ်ထွေးနှင့် အိမွန်ကျော် တို့၏သား၊ ပန်းနုငြိမ်း၏မောင်လေး ဩဂုတ် (ခ)မောင်မောင်လေးအား(၂၊ ၈၊ ၂၀၂၁) ရက်နေ့တွင်မွေးဖွားကြောင်းသိရှိရ၍ မိသားစုနှင့်အတူဝမ်းမြောက်ရပါသည်။ သားသားဩဂုတ် (ခ) မောင်မောင်လေး ကျန်းမာပျော်ရွှင်သောမိသားစုကို ပိုင်ဆိုင်ရပါစေ။

ဦးဦး၊ အန်တီ
(သူငယ်ချင်းတစ်စု)

## ယာဉ်အမှတ်-6I/6971(အနက်)၊ TOYOTA WISH အမျိုးအစား (BLACK Colour) ယာဉ်နှင့်ပတ်သက်၍ အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၇)နေ မစုရတီလွင်၏ မိခင် ဒေါ်သင်းသင်းစိုး [၁၂/ဗဟန(နိုင်)၀၄၁၃၈၅] (သဘာဝအုပ်ထိန်းသူ)မှ လွှဲအပ်ညွှန်ကြားချက်အရ-

အထက်ပါယာဉ်အမည်ပေါက်ပိုင်ရှင် ဦးစိုးမြင့်မှာ (၁၅-၇-၂၀၂၁)ရက်တွင် သုဝဏ္ဏကိုဗစ်စင်တာ၌ ကွယ်လွန်သွားခဲ့ပြီး၊ ယာဉ်အား တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်သည့် မစုရတီလွင်မှာ အဆိုပါယာဉ်ကို၊ စုံစမ်းနေဆဲဖြစ်ပါ၍ ယာဉ်နှင့် Owner Book တို့ကို လက်ဝယ်ထားရှိသူသည် ဤကြေညာပါနေ့မှ (၁၅)ရက်နောက်ဆုံးထားရှိ၍ မစုရတီလွင်တို့ထံ ပေးအပ်ပါရန်နှင့် အဆိုပါယာဉ်နှင့် Owner Bookအား ကိုယ်ကျိုးအလွဲသုံးခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ လှူဒါန်း၊ ပေးကမ်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လက်ခံရယူခြင်း၊ ဝယ်ယူခြင်းများကို မမှန်မကန်ပြုမူကျူးလွန်ပါက တရားဥပဒေများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောရိုးနှင့် သတိပေး အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်များအရ-**

| | |
|---|---|
| **ဦးမြသိန်း(ပုဇွန်တောင်)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)** |
| **(ဥပဒေတွဲ)** | **(ဥပဒေတွဲ)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၅၃)** |

**(ရုံး)အမှတ် - (၁၅၅)(ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**(ဖုန်း)-၀၉-၄၅၅၁၆၈၄၁၅၊ ၀၉-၄၂၅၀၁၈၀၀၊ ၀၉-၇၃၁၀၇၀၂၈၊ ၀၉-၆၆၄၂၈၂၇၉၂**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ(၁)၊ တိုက်(၁၀)၊ အမှတ်(၅၁)တွင် နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မမြမြဝင်း[၁၃/ကတန(နိုင်)၁၁၀၄၆၃]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စုပေါင်းပိုင် အဆောက်အအုံ စီမံကိန်းအရ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၃၁)(တတိယထပ်)တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေ [၁၃/မပတ(နိုင်)၀၀၀၄၁၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တိုက်ခန်း၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝေဝေခိုင်(LL.B,D.B.L,D.I.L,D.I.P.L,D.M.L)** | **ဒေါ်သက်စုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၂၉)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၂၇၆)** |

**အမှတ်(၃၅/ခ)၊ သခင်ဗဟိန်းလမ်း၊ ၃၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၁၄၃/က)ရှိ ပေ(၂၀x၆၀) မြေကွက်နှင့်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ခိုင်ဝင်း[၈/ရစက(နိုင်)၁၂၇၅၇၉]ထံမှ ကျွန်ုပ် ဦးအေးကို [၉/ညဥန(နိုင်)၁၄၀၈၆၄] က အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် အထက်ပါ(အိမ်ခြံမြေ)နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက သတ်မှတ်ရက်ကျော်လွန်သည့်အချိန်တွင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကို**
**ဖုန်း-၀၉-၂၆၄၁၄၁၈၈၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမည် (ဇာမဏီ)၊ ကွင်းအမှတ်(၆၆၃/အေ)၊ ဦးပိုင်အမှတ်(၁၄၄၊ ၁၄၅၊ ၁၄၈)၊ ဧရိယာ (၁၀.၁၀)ဧက၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် ဦးကျော် အမည်ပေါက်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ အထက်ဖော်ပြပါ လယ်ယာမြေ(၁၀.၁၀)ဧကထဲမှ တရားဝင် မခွဲမစိတ်ရသေးသော (၃)ဧကနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းတို့ပြုလုပ်ခွင့်မရှိကြောင်းနှင့် အထက်ဖော်ပြပါကိစ္စရပ်များအား ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၁၉)**
**LL.B,D.B.L,D.L.P,WIPO(SWITZERLAND),CAES**
**အမှတ်(၇၂၄)၊ ယမနေ(၅)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၆၃၆၇**

ရတနာ
သစ်တော
ပြည့်
သွေး
ကြော
သစ်တော
ရတနာ
ထိန်း
သိမ်း
ပါ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်လှ (ဝါးခယ်မ-ရွှေလောင်း)

ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး

### အသက် (၇၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မ(ရွှေလောင်း)မြို့နေ (ဦးကုလား-ဒေါ်မြရီ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၉၀၄)နေ (ဒေါ်နွဲ့ နွဲ့ဝင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဝင်းလှိုင် (MIU)-ဒေါ်စုစုဝင်း (ဒုတိယ တိုင်းဥပဒေအရာရှိ-ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး)တို့၏ ကျေးဇူးရှင်ဖခင်၊ မခင်ထက်ထက်စံ၊ မောင်အောင်ပြည့်စုံဟိန်းတို့၏အဘိုး ဦးမောင်မောင်လှသည် ၂၉-၈-၂၀၂၂ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်လတ်

ဥက္ကဋ္ဌ၊ ငွေကျားတိုက်

(Silver Tiger Group of Companies)

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၆၁)ဘီနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မာလာမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသက်နိုင်ဝင်း-သမီးကြီး Dr.ပိုးမဒ္ဒီတင်လတ်၊ သားလတ်ဘုန်းရာဇာစိုး၊ သားငယ် နိုင်အုပ်စိုးလတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးလေး Krish(ခ)မောင်မင်းပြည့်စုံခန့်၏ ကျေးဇူးရှင်အဘိုးဖြစ်သူသည် ၂၈-၈-၂၀၂၂ (စနေနေ့) ည ၁၀:၅၆ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အာယုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းဝင်း-ဒေါ်နီလာ

မောင်သက်နိုင်ဝင်း- Dr.ပိုးမဒ္ဒီတင်လတ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်

(နာယက-သံသရာခရီးသည်နာရေးကူညီမှုအသင်း)

### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၆၃၄)နေ (ဦးသာဖေ-ဒေါ်ပို)တို့၏သား၊ (ဦးထွန်းရှင်-ဒေါ်ငွေခင်)တို့၏သားသမက်၊ ဒေါ်စန်းစန်း(အန်တီစန်း-အထည်ဆိုင်)၏ခင်ပွန်း၊ ဒေါ်ကျင်အုံး၏အစ်ကို၊ (ကိုကျော်ဇောဟန်)-ဒေါ်နုနုထွေး၊ ဒေါ်နိုင်နိုင်မော်၊ (ကိုမောင်မောင်အောင်ခိုင်မြင့်)၊ ကိုဆန္ဒမောင်မောင်-ဒေါ်ကေသီခိုင်၊ ကိုကျော်မျိုးဝေ-မမေနှင်းမောင်မောင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၂၂ (စနေနေ့) နံနက် ၁၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၃၀-၈-၂၀၂၂ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဦး

ကျောင်းအုပ်ကြီး၊ အ.မ.က မူလွန် ရွှေလှေကျင်း

### အသက် (၅၇)နှစ်

ဖျာပုံမြို့နယ်၊ ရွှေလှေကျင်းကျေးရွာနေ ဦးမျိုးမင်းဆွေ၏ဇနီး၊ ကိုရဲရင့်အောင်-မဖြိုးပပအောင်၊ ကိုဇင်မျိုးသိန်း-မမျိုးသက်ထားဆွေတို့၏မိခင်၊ မနှင်းသဒ္ဒါထွန်း၊ မောင်နေ့သစ်အောင်တို့၏ အဘွားသည် ၂၇-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၈-၈-၂၀၂၂ ရက်မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ အစီအစဉ်အား ရွှေလှေကျင်းကျေးရွာနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ကျောင်းသား/ကျောင်းသူ ဟောင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သွေးသည် အသက်

ရွှေညဝါ+ဒိကမ္ဘိက ဆရာကြီး

## ဦးမင်းလွင်(ခ)ရွှေညဝါဦးသုန်

ရွှေရေလယ်ဓမ္မာစရိယ သင်တန်းနည်းပြ

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေခါဝီလမ်း၊ ၈၂/ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ အသောကာရာမ ရွှေဟင်္သာရေလယ် စာသင်တိုက်နေ (ဦးခင်ရွှေ-ဒေါ်ခင်လှ)တို့၏သား၊ ဒေါ်အေးအေးတင့်၏ ချစ်လှစွာသောခင်ပွန်း ရွှေညဝါ+ ဒိကမ္ဘိက ဆရာကြီးဦးမင်းလွင်(ခ) ရွှေညဝါဦးသုန်သည် ၂၇-၈-၂၀၂၂ (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ပဓာန နာယကဆရာတော်နှင့် တပည့်များ

အသောကာရာမရွှေဟင်္သာရေလယ်စာသင်တိုက်

## ဒေါ်ငွေးငွေး

### အသက်(၈၄)နှစ်

အမှတ်(၈၉/၉၇)၊ အခန်းအမှတ်(၀၀၁)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမြသန်း)၏ဇနီး၊ ဒေါ်နီနီလွင် (Head of Admin,PISM)၏ ချစ်လှစွာသော မိခင်သည် ၂၇-၈-၂၀၂၂ (သောကြာနေ့) တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း (ရန်ကုန်)

## ဒေါ်ခင်မေလွင်(ပုလော)

အထက်တန်းပြ၊ အ.ထ.က ပုလော

အထက်တန်းပြ(ငြိမ်း) အ.ထ.က-၄၊ ရွှေပြည်သာ

အသင်းဝင်အမှတ်(၅၅၃)

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာအိမ်ရာ၊ အမှတ်(၁၈)နေ ဦးဇေယျ (တွဲဖက်ဘဏ္ဍာရေးမှူး၊ ပုလောမြို့နယ်အသင်း-ရန်ကုန်)၏ ဇနီးသည် ၂၈-၈-၂၀၂၂ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေပိုင်းတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မေလွင် (ပုလော)

အထက်တန်းပြ၊ အ.ထ.က ပုလော

အထက်တန်းပြ(ငြိမ်း)၊ အ.ထ.က-၄၊ ရွှေပြည်သာ

### အသက်(၆၃)နှစ်

ဦးဇေယျ (တွဲဖက်ဘဏ္ဍာရေးမှူး-ပုလောမြို့နယ်အသင်း-ရန်ကုန်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မေလွင် သည် ၂၈-၈-၂၀၂၂ (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

နာယကနှင့်အမှုဆောင်များ

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်သန်းရီ

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) (အ.ထ.က-၂၊ လမ်းမတော် ရန်ကုန်၊ အ.ထ.က-၂၊ ဘိုကလေးမြို့၊ အ.ထ.က-၂၊ မုဒုံမြို့)

### အသက်(၈၃)နှစ်

မုဒုံမြို့၊ အမှတ် (၆၄)၊ မြစေတီလမ်း၊ စက်သစ်ရပ်နေ(ဦးထွန်းတင်-ဒေါ်ချောစိန်)တို့သမီး၊ ဒေါ်လှကြွေ၊ ဦးစိုးဝင်း(အ.ထ.က-၁၊ မုဒုံ-ငြိမ်း)-[ဒေါ်ခင်ရွှေ (အ.ထ.က-၂၊ မုဒုံ-ငြိမ်း)]တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးမင်းအုန်းသွင်-ဒေါ်မာမာအေးတို့၏အစ်မ၊ ဒေါ်မိုးသီတာ(ကထိက-ဓာတုဗေဒ၊ မော်လမြိုင်တက္ကသိုလ်)၊ ဦးဝင်းကျော်သက်(Technical Superintendent Raffles,S'pore)-ဒေါ်အိမွန်ကျော်၊ ဦးမင်းဗညားဦး (C.E Raffles Ygn)-ဒေါ်အေးမြင့်မြတ်သူ၊ ကိုအောင်ဆန်းထွန်းတို့၏ ဒေါ်လေး၊ မြေးသုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၅:၃၀နာရီတွင် မုဒုံမြို့အထက်ပါနေအိမ် ၌ ၉၆ပါးသော ရောဂါဖြင့်ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညီထွေး

တပ်မတော်လေ (ငြိမ်း)

### အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၆၂၅-ခ)၊ မြရည်နန္ဒာလမ်း၊ (၁၉)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ ဒေါ်ရင်လှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းထွန်း၊ မစိုးထွေးလှိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၈-၈-၂၀၂၂ (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၂၂ (တနင်္လာနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြူကြူဝင်း (နတ်တလင်းမြို့)

J.A.T (အ.လ.က ၃- မင်္ဂလာဒုံ)ငြိမ်း

### အသက် (၆၀)

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-ပြည်လမ်း၊ နတ်တလင်းမြို့နေ [ဦးတင်မောင်-ဒေါ်တင် တင်(အထည်ဆိုင်)]တို့၏သမီး၊ ရန်ကုန်မြို့နေ(ဦးမြင့်စိုး)-ဒေါ်ခင်ဝေတို့၏သမီးချွေးမ၊ (ဦးတင်ထွန်း)-ဒေါ်မူမူ၊ ဦးမျိုးသန့်၊ ဦးစိုးအောင်-(ဒေါ်သန်းသန်းဝင်း)၊ ဦးတင်ဝင်း-[ဒေါ်မို့မို့(ခ)ကြူကြူသန်း]တို့၏ညီမ၊ (မောင်သန်းထွဋ်)-မညွန့်ရီ၊ ဦးအောင်မင်းဦး-ဒေါ်ခင်လဲ့လဲ့ဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၂၂)၊ ဒုတိယထပ်နေ မဆုမြတ်ဖြိုး၊ မောင်ကောင်းထက်၊ မကြူကြူဆုမွန်တို့၏မွေးသမိခင်၊ (ဒုတိယဗိုလ်မှူးကြီး စိုးနိုင်-ငြိမ်း)၏ဇနီး ဒေါ်ကြူကြူဝင်း (J.A.T)သည် ၂၈-၈-၂၀၂၂ (စနေနေ့) ည ၆:၅၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၂၂ရက် နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ကင်နွန်ဂျဒ်ဆင်ဝင်းနန္ဒာထွန်း

ဂိုဏ်းထောက်ကြီး၊ ရန်ကုန်သာသနာပိုင်နယ်

### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်း၊ ခုတင်(၁၀၀၀)ဆေးရုံအနီး ရှင်ဂျော့ဂျက်ဘုရားကျောင်း(အင်္ဂလီကန်)၏ ဂိုဏ်းထောက်ကြီး ကင်နွန်ဂျဒ်ဆင်ဝင်းနန္ဒာထွန်းသည် ၂၈-၈-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စိန်ဂေဟာ Group

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်လတ်

ဥက္ကဋ္ဌ၊ ငွေကျားတိုက် (Silver Tiger Group of Companies)

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် (၆၁)ဘီနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မာလာမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်နိုင်ဝင်း -သမီးကြီး Dr.ပိုးမဒ္ဒီတင်လတ်၊ သားလတ် ဘုန်းရာဇာစိုး၊ သားငယ် နိုင်အုပ်စိုးလတ်တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မြေးလေး Krish(ခ)မောင်မင်းပြည့်စုံခန့်၏ ကျေးဇူးရှင်အဘိုးသည် ၂၈-၈-၂၀၂၂ (စနေနေ့) ည ၁၀:၅၆ နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အာယု ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၂၂ ရက် နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ရန်ကုန် ယူနန်သုသာန်(ရေဝေး)တွင် အရိုးပြာအိုးကို ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာသည့် ကိုဗစ်ဆေးများအား သက်ဆိုင်ရာနေရာများသို့ ပို့ဆောင်ပေးစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၂၉

ရန်ကုန်မြို့ မင်္ဂလာဒုံ... မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❒

### ကြေးမုံ ယနေ့ဖတ်စရာ

**မိုင်းထောင်ဖောက်ခွဲ အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်ခဲ့သူများအား လက်နက်/ခဲယမ်းများ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်**

စာမျက်နှာ » ၁၅



**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁

### မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲ ကျင်းပမည့်ပုံစံ ပြောင်းလဲမည်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာကလပ်အသင်းများယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲကျင်းပမည့်ပုံစံကို လာမည့်နှစ်တွင် ပြောင်းလဲသွားရန် အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ပြုလုပ်သွားမည်**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် AFC Cup ပြိုင်ပွဲကို ယခင်ကျင်းပနေသည့်ပုံစံအတိုင်း ကျင်းပနိုင်ရန် မဖြစ်နိုင်သဖြင့် အာရှဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်း၊ အဝေးကွင်းမကျင်းပတော့ဘဲ တစ်ကျော့စနစ်ဖြင့်သာ ပြုလုပ်သွားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ AFC Cup ပြိုင်ပွဲတွင် ပွဲစဉ်အားလုံးကို တစ်ကျော့တည်းဖြင့် ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ပြီး အုပ်စုပွဲများကို အုပ်စုတစ်ခုချင်းစီအလိုက် အိမ်ရှင်နိုင်ငံများရွေးချယ်ကာ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာကလပ်အသင်းများသည် အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံအသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ ဒုတိယဆုရအသင်း သို့မဟုတ် ရှုံးထွက်ချန်ပီယံအသင်းက ခြေစစ်ပွဲ Play-off အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ○

## လီဗာပူးနှင့်ပွဲမှာ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပေမယ့် သရေရလဒ်ရရှိအောင် ချယ်လ်ဆီးအသင်း စွမ်းဆောင်နိုင်ခဲ့



ပရီမီယာလိဂ်ပွဲစဉ်(၃)ရဲ့ ဩဂုတ် ၂၈ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ညှော်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းဟာ ဒုတိယပိုင်း တစ်ပိုင်းလုံး တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

**ဦးဆောင်ဂိုးရရှိ**

လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ၂၂ မိနစ်မှာ ရီစီဂျိမ်းစ်ရဲ့ ဖန်တီးပေးမှုကနေ တစ်ဆင့် ကိုင်ဟာဗက်က ဂိုးအဖြစ်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖